# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၃၉) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ဒဂုံမြို့နယ်တွင် အဆင့်မြင့် မီးသတ်ယာဉ် ငါးစီးပါဝင်သော မြို့နယ် မီးသတ်တပ်ဖွဲ့ရုံးတစ်ခု ထားရှိရန်အတွက် မြေနေရာ ချထားပေးရန်နှင့် မီးသတ်စခန်းဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) သိန္ဓီ-ရေပူအမြဲစစ်ဆေးရေးစခန်းမှ နွားကဲ့သို့သော သက်ရှိပစ္စည်း ဖမ်းဆီးရမိမှုအပေါ် မည်မျှသော အချိန်ကာလသတ်မှတ်၍ မည်သို့သော စံချိန်စံညွှန်း စည်းကမ်းသတ်မှတ်ချက်များဖြင့် မည်သည့် လူတန်းစားများကို လေလံတင်ရောင်းချပါသနည်း၊ ဖမ်းဆီးရမိသောနွား ၇၄ ကောင်၏ လေလံတင် ရောင်းချခဲ့သောတန်ဖိုးကို အများပြည်သူမြင်သာအောင် ထုတ်ပြန်ပေးရန်နှင့် အချိုးကျ မည်သို့ခွဲဝေပေးသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | (ဂ) အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲ နေခြင်းကို လျှော့ချရန်နှင့် ယခုထက်ပိုမိုသော အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် လယ်မြေများ၊ စာကျက်မြေကို လယ်မြေအဖြစ်ဌာနက အသုံးပြုနေသည့် မြေများမည်မျှရှိပြီး မည်သို့ စီမံခန့်ခွဲထားပါသနည်း၊ အဆိုပါမြေများအား မြေမဲ့ယာမဲ့ဒေသခံများ အတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် လယ်မြေနှင့်စာကျက်မြေများကို လယ်မြေအဖြစ် အသုံးပြုနေသော ဧကမည်မျှရှိသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၁၀ | (င) ကလေးမြို့အား မြို့မြေတိုင်းထွာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | (စ) (ငြိမ်း/စု/စီ) ဥပဒေပြဋ္ဌာန်းပြီးနောက် ယခုအချိန်ထိ တစ်နိုင်ငံလုံး တရားဝင် ဆန္ဒထုတ်ဖော်မှုပေါင်း မည်မျှရှိပါသနည်း၊ ဆန္ဒထုတ်ဖော်မှု တစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူ အဖွဲ့အစည်းများ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် မည်သို့အရေးယူ ဆောင်ရွက်လျက် ရှိသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၂ | ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက် အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင် နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၂ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၀ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး**

**(၃၉)ရက်မြောက်နေ့ အစီအစဉ်**

**[ ၄–၈–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၏ **ဒဂုံမြို့နယ်တွင် အဆင့်မြင့် မီးသတ်ယာဉ်(၅)စီး ပါဝင်သော မြို့နယ်မီးသတ် တပ်ဖွဲ့ရုံးတစ်ခု ထားရှိရန်အတွက် မြေနေရာချပေးရန်နှင့် မီးသတ်စခန်း ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီ–ရေပူ အမြဲစစ်ဆေးရေးစခန်းမှ နွားကဲ့သို့သော သက်ရှိပစ္စည်း ဖမ်းဆီးရမိမှုအပေါ် မည်မျှသော အချိန်ကာလ သတ်မှတ်၍ မည်သို့သော စံချိန်စံညွှန်း စည်းကမ်း သတ်မှတ်ချက်များဖြင့် မည်သည့်လူတန်းစားများကို လေလံတင် ရောင်းချပါသနည်း၊ ဖမ်းဆီးရမိသော နွား(၇၄)ကောင်၏ လေလံတင်**

**ရောင်းချခဲ့သော တန်ဖိုးကို အများပြည်သူ မြင်သာအောင် ထုတ်ပြန် ပေးရန်နှင့် အချိုးကျ မည်သို့ခွဲဝေပေးသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေခြင်းကို လျှော့ချရန်နှင့် ယခုထက် ပိုမိုသော အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေများ၊ စားကျက်မြေကို လယ်မြေအဖြစ် ဌာနက အသုံးပြုနေသည့် မြေများမည်မျှရှိပြီး မည်သို့စီမံခန့်ခွဲထားပါသနည်း၊ အဆိုပါမြေများအား မြေမဲ့ယာမဲ့ ဒေသခံများအတွက် ပြန်လည် စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေ နှင့် စားကျက်မြေများကို လယ်မြေအဖြစ် အသုံးပြုနေသော ဧက မည်မျှရှိသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့အား မြို့မြေတိုင်းထွာ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **(ငြိမ်း/စု/စီ) ဥပဒေ ပြဋ္ဌာန်းပြီးနောက် ယခုအချိန်ထိ တစ်နိုင်ငံလုံး တရားဝင်ဆန္ဒထုတ်ဖော်မှုပေါင်းမည်မျှ ရှိပါသနည်း၊ ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အချိန်နှင့် တစ်ပြေးညီ အဆင့်ဆင့် မည်သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်က တင်သွင်းသည့် **“မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်**

**ဖွံ့ဖြိုး တိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(င) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(စ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဆ) ဦးတင်လှ၊ ဓနုဖြူ မဲဆန္ဒနယ်၊

(ဇ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ဈ) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၊

(ည) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဋ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဌ) ဦးလှထွန်းအောင်၊ မလှိုင် မဲဆန္ဒနယ်၊

(ဍ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ဎ) ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

(ဏ) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
## (၃၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၄ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၂) မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ခွင့် ၁ ရက်၊

(၃) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၄) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၅) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁၁ ရက်၊

(၇) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁၁ ရက်၊

(၈) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊

(၁၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၁၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)နိုင်ငံကျော် ခွင့် ၁ ရက်၊

(၁၂) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊

(၁၃) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၁ ရက်၊

(၁၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊

(၁၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၁၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်နှင့်

(၁၇) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့နယ်တွင် အဆင့်မြင့် မီးသတ်ယာဉ်ငါးစီးပါဝင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးတစ်ခုထားရှိရန် အတွက် မြေနေရာချထားပေးရန်နှင့် မီးသတ်စခန်းဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒဂုံမြို့နယ်အတွင်းမှာ မီးသတ်စခန်းလိုအပ်နေမှုနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ အများသိကြတဲ့အတိုင်း ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံမှာ လူဦးရေအထူထပ်ဆုံးတိုင်းဒေသကြီး ဖြစ်ပြီး မြို့တွင်းမြို့နယ်များဟာ လူဦးရေထူထပ်ပြီး ကားကျပ်တဲ့မြို့နယ်များဖြစ်ကြပါတယ်။ ဒဂုံမြို့နယ် ဟာ ရန်ကုန်မြို့အတွင်းရှိ လူအထူထပ်ဆုံးနှင့် အထင်ကရနေရာများ အများဆုံးရှိတဲ့ အစည်ကားဆုံး မြို့နယ်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်ရှင်။ နိုင်ငံခြားခရီးသွားများနှင့် ပြည်သူများသွားရောက် ဖူးမျှော်လေ့ရှိတဲ့ ရွှေတိဂုံဘုရားအပါအဝင် အခြားတန်ခိုးကြီးဘုရားများတည်ရှိပြီး အမျိုးသားကဇာတ်ရုံ၊ အမျိုးသားပြတိုက်နှင့် အခြားသမိုင်းဝင်အဆောက်အဦများတည်ရှိရာမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ် ရှင့်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းအစိုးရရုံးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ အုပ်ချုပ် ရေးဌာနများတည်ရှိရာ တိုင်းဒေသကြီးအစိုးရရုံးစိုက်ရာမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်ရှင့်။ အဲဒီလို

အထင်ကရနေရာများ တည်ရှိနေတဲ့အပြင် လူဦးရေထူထပ်တဲ့ ဒဂုံမြို့နယ်အတွင်းမှာ ယခု လက်ရှိ မီးရေးနှင့် ကယ်ဆယ်ရေးကိစ္စများဆောင်ရွက်ဖို့ ဒဂုံမြို့နယ် မီးသတ်တပ်ဖွဲ့ရုံး၊ မီးသတ်စခန်းဆိုပြီး မရှိသေးပါဘူးရှင့်။ ဒဂုံမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးကိစ္စတွေကို ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့တစ်ခုတည်းက သာ တာဝန်ယူထားရတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မြို့တွင်းမြို့နယ်များဟာ လူဦးရေထူထပ် ပြီး ကားလမ်းများကျပ်တည်းပိတ်ဆို့ခြင်းတို့ကြောင့် အရေးပေါ်မီးရေး၊ ထင်းရေးကိစ္စများပေါ်ပေါက် လာလို့ရှိရင် သွားလာရန်ကြာမြင့်ချိန်က မှန်းဆရခက်ပြီး ထိခိုက်ဆုံးရှုံးမှုများ မလိုအပ်ဘဲများနိုင်ပါ တယ်ရှင့်။ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့မှာလည်း မီးသတ်ကားသုံးစီးသာရှိတဲ့အတွက် ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့အတွက်လည်း အလွန်တရာတာဝန်ကြီးလှပါတယ်။ တကယ်လို့ တာဝန်ယူထားတဲ့မြို့နယ် ခြောက်မြို့နယ်ထဲက မြို့နယ်နှစ်မြို့နယ်မှာ မီးရေးကိစ္စများ တစ်ပြိုင်နက် ဖြစ်လာလို့ရှိရင် လုံလောက်တဲ့မီးသတ်ကားအရေအတွက် မရှိပါဘူးရှင့်။ အဲဒါကြောင့် ဒဂုံမြို့နယ်မှာ ဒဂုံမြို့နယ်မီးသတ်တပ်ဖွဲ့ရုံးတစ်ခုတည်ဆောက်ဖို့ လွန်စွာမှ လိုအပ်လျက်ရှိပါတယ်ရှင့်။ ကျွန်မ မေးလို တဲ့မေးခွန်းကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထဲရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး မြို့တွင်းမြို့နယ်များအတွင်း နေထိုင်သွားလာနေကြတဲ့ ပြည်သူအပေါင်းနှင့် နိုင်ငံခြားခရီးသွားများ အားလုံးရဲ့ လုံခြုံရေးအတွက် အဆင့်မြင့်မီးသတ်ယာဉ်ငါးစီးပါဝင်တဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့ရုံးတစ်ခု ထားရှိရန် မြေနေရာချထားပေးဖို့နဲ့ မီးသတ်စခန်းဆောက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်မှာ မြို့နယ်မီးသတ်ဦးစီးမှူးရုံးတစ်ရုံး၊ မြို့နယ်မီးသတ်စခန်းတစ်ခုနှင့် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ဖို့အတွက် ဖွဲ့စည်းပုံအရ ခွင့်ပြုမိန့်ချထားပြီးဖြစ်ပါတယ်။ ဒဂုံမြို့နယ်မှာ မီးသတ်စခန်းဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့အတွက် ခန့်အပ်ထားတဲ့တပ်ဖွဲ့ဝင်တွေကို ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှာ ယာယီတွဲဖက်တာဝန်ချပေးထားပါတယ်။ မီးသတ်ဦးစီးဌာနမှာ ဖွဲ့စည်းပုံခွင့်ပြုချက်ရပြီးတဲ့ မြို့နယ်မီးသတ်စခန်း ၃၃၀ ခု၊ နယ်မြေမီးသတ်စခန်း ၇၀၃ ခုရှိတဲ့အနက် မြို့နယ်မီးသတ်စခန်း ၂၉၃ ခု၊ နယ်မြေမီးသတ်စခန်း ၁၅၃ ခုတို့ကို အဆောက်အဦများဆောက်လုပ်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နယ်မြေမီးသတ်စခန်း ၆၇ စခန်း မြေနေရာရရှိပြီးဖြစ်ပါတယ်။ အဆောက်အဦဆောက်လုပ်နိုင်ရေး၊ ယာဉ်၊ စက်ပစ္စည်းများဖြည့်တင်းနိုင်ရေးနှင့် မြေနေရာမရရှိသေးတဲ့မီးသတ်စခန်းများအတွက် မြေနေရာရရှိရေးကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ရန်ကျန်ရှိတဲ့ မြို့နယ်ကိုးမြို့နယ်မှာ မီးသတ်စခန်းများဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် လိုအပ်တဲ့မြေနေရာရရှိရေးကိုလည်း ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။ ၂၂၈ ဦးနဲ့ မီးသတ်ယာဉ်လေးစီးပါတဲ့စံကိုက်မြို့နယ်မီးသတ်စခန်းတစ်ခုဆောက်လုပ်ဖို့အတွက် မြေဧရိယာအနေနဲ့ မြေ ၃၀၀ ပတ်လည်လိုအပ်မှာဖြစ်ပါတယ်။ မြေနေရာအခက်အခဲရှိတဲ့ နေရာတွေအတွက်ကတော့ အနည်းဆုံးမြေဧရိယာအကျယ် ပေ ၁၀၀ ပတ်လည်ရရှိမှသာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာမြို့နယ်အလိုက် မြေနေရာရရှိရေးတွေကို စိစစ်ဆောင်ရွက်ခဲ့တဲ့အခါမှာ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ ဒဂုံမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့ကို လွှမ်းခြုံနိုင်တဲ့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၀/B) မှာရှိတဲ့ ပေ ၁၀၀၊ ၂၀၀ အကျယ်အဝန်းရှိတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်မြေလွတ်မှာ မီးသတ်စခန်းတစ်နေရာဆောက်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနမှ မြေနေရာလွှဲပြောင်းပေးနိုင်ခြင်းမရှိတဲ့အတွက် ဒဂုံမြို့နယ်အတွက် မီးသတ်စခန်းဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒဂုံမြို့နယ်ဟာ အနောက်ပိုင်းခရိုင်မီးသတ်စခန်းနှင့် စမ်းချောင်းမြို့နယ်မီးသတ်စခန်းတို့မှ အနီးဆုံး ၆ ဖာလုံ၊ အဝေးဆုံး ၃ မိုင်ခန့်ကွာဝေးပါတယ်။ အလုံမြို့နယ်မီးသတ်စခန်းနှင့် အနီးဆုံး ၁

မိုင်၊ အဝေးဆုံး ၃ မိုင်ခန့်ကွာဝေးပြီး ကျောက်တံတားမြို့နယ်မီးသတ်စခန်းနှင့် အနီးဆုံး ၁၊ အဝေးဆုံး ၃ မိုင်ခန့် အကွာအဝေးမှာ တည်ရှိပါတယ်။ ဒဂုံမြို့နယ်မှာ မီးဘေးအန္တရာယ်ဖြစ်ပွားမယ်ဆိုရင် Level 1 အဆင့်အနေနဲ့ မီးသတ်ယာဉ် ၁၀ စီးကို မြို့နယ်ငါးခုမှလည်းကောင်း၊ Level 2 အဆင့်အနေနဲ့ မီးငြိမ်းသတ်ယာဉ် ၁၀ စီးကို အခြားမြို့နယ်ရှစ်ခုမှလည်းကောင်း ထပ်မံဖြည့်တင်းပြီး မီးငြိမ်းသတ်နိုင်ဖို့ အတွက်လည်း စီစဉ်ထားရှိပြီး ထပ်မံလိုအပ်တဲ့ Level အလိုက် မီးသတ်ယာဉ်များ ထုတ်နုတ်မီးငြိမ်းသတ်နိုင်ရေးကိုလည်း တင်ပြပါအစီအမံများအတိုင်း ဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ကိုလန်နိုင်ငံချေးငွေအစီအစဉ်နဲ့ ဝယ်ယူထားတဲ့ ခေတ်မီမီးသတ်ယာဉ်နဲ့ ရှာဖွေကယ်ဆယ်ရေးယာဉ်များရရှိလာပါက ရန်ကုန်မြို့အတွက် ခေတ်မီမီးငြိမ်းသတ်ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် ၁၅ စီးကိုလည်း ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ဒဂုံမြို့နယ်အတွက် မီးသတ်စခန်းဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက တစ်မြို့နယ်လုံးလွှမ်းခြုံနိုင်အောင် မီးငြိမ်းသတ်နိုင်ရေးအတွက် စီမံထားရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သိန္နီ-ရေပူအမြဲစစ်ဆေးရေးစခန်းမှ နွားကဲ့သို့သော သက်ရှိပစ္စည်းဖမ်းဆီးရမိမှုအပေါ် မည်မျှသော အချိန်ကာလသတ်မှတ်၍ မည်သို့သော စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များဖြင့် မည်သည့်လူတန်းစားများကို လေလံတင်ရောင်းချပါသနည်း၊ ဖမ်းဆီးရမိသောနွား ၇၄ ကောင်၏ လေလံတင်ရောင်းချခဲ့သောတန်ဖိုးကို အများပြည်သူမြင်သာအောင် ထုတ်ပြန်ပေးရန်နှင့် အချိုးကျ မည်သို့ခွဲဝေပေးသည်ကိုသိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ရှိနေတဲ့ သိန္နီ-ရေပူအမြဲစစ်ဆေးရေးစခန်းမှ ၁၀-၄-၂၀၁၇ ရက်နေ့မှာ နွား ၇၄ ကောင်ကို ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးခဲ့တဲ့နွား ၇၄ ကောင်ကို ဖမ်းဆီးပြီးတဲ့နောက်ပိုင်း ၇၄ ကောင်လုံး ပျောက်ဆုံးသွားတဲ့ သတင်းထွက်ပေါ်ခဲ့ပါတယ်။ ဒီသတင်းထွက်ပေါ်ပြီးတဲ့အတွက် အဲဒီနောက်ပိုင်း ၂၆-၅-၂၀၁၇ ရက်နေ့

မှာ ကျွန်တော်တို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ဆုံးဖြတ်ချက်အရ နွားတွေကို အပ်နှံထားတဲ့ နေရာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူ၊ မြို့မိမြို့ဖများအပါအဝင် မြို့နယ်ဥပဒေအရာရှိ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် သိန္နီ-ရေပူစစ်ဆေးရေးစခန်းမှ အကောက်ခွန်အရာရှိများ အပါအဝင် သတင်းမီဒီယာများမှ သွားရောက်စစ်ဆေးခဲ့ပါတယ်။ နွားများကိုလည်း တွေ့ရှိပါတယ်။ ယင်းသို့ တရားမဝင် ကုန်သွယ်ရန် သယ်ဆောင်လာတဲ့နွား ၇၄ ကောင်နဲ့ပတ်သက်ပြီးတော့ အမှုကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပါက သိန္နီမြို့နယ် စီမံခန့်ခွဲမှုကော်မတီရဲ့ဆုံးဖြတ်ချက်အရ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ရေပူအမြဲစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိတဲ့ပစ္စည်းတွေအပေါ် မေးမြန်းလိုသည်မှာ ဒီလိုနွားကဲ့သို့သော သက်ရှိပစ္စည်းများ ဖမ်းဆီးရမိမှုအပေါ် မည်သို့သောမည်မျှအချိန်ကာလ သတ်မှတ်ချက်ဖြင့် လေလံတင်ရောင်းချခြင်းပြုပါသနည်း။ လေလံတင်ရောင်းချတဲ့အခါမှာ ဘယ်လိုစံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်တွေနဲ့ လူတန်းစားတွေ၊ ဘယ်လိုလူတန်းစားတွေအပေါ် လေလံတင်ရောင်းချပါသလဲ။ ရေပူစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိတဲ့နွား ၇၄ ကောင်ရဲ့လေလံတင်ရောင်းချခဲ့သော တန်ဖိုးငွေစာရင်းများကို အများပြည်သူမြင်သာအောင် ထုတ်ပြန်ဖော်ပြပေးရန် ရှိပါသလား။ ဖမ်းဆီးရမိတဲ့ လေလံတင်ရောင်းချငွေတွေကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာမြို့နယ်၊ ဖမ်းဆီးပေးတဲ့ဌာနအဖွဲ့အစည်းအတွက် မည်သည့်အချိုးကျဖြင့် မည်သို့ခွဲဝေပေးသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများသိရှိနိုင်ပါရန် ပြည်သူများ၏ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ ၁၂ နာရီအချိန်မှာ လားရှိုးမြို့နယ်၊ နမ့်ပေါင်ကျေးရွာဘက်မှ ကွတ်ခိုင်မြို့နယ်

ဘက်သို့ နွားများသယ်ယူနေကြောင်း သတင်းရရှိတဲ့အတွက် ရေပူစစ်ဆေးရေးစခန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ အကောက်ခွန်မှူး ဦးစိန်မိုးနှင့်အဖွဲ့မှ သွားရောက်စောင့်ဆိုင်းဖမ်းဆီးခဲ့ပြီး တရားမဝင်သယ်ဆောင်သူအား စုံစမ်းဖော်ထုတ်အရေးယူပါရန် သိန္နီမြို့နယ် မြို့မရဲစခန်းသို့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှာ တိုင်တန်းလာတဲ့အတွက် သိန္နီမြို့မရဲစခန်းမှာ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အမှုဖွင့်အရေးယူခဲ့ပြီး အမှုကို ရဲအုပ်အောင်ကျော်မိုးမှ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဖမ်းဆီးရမိတဲ့နွားများဟာ ပျောက်ဆုံးသွားခြင်းမဟုတ်ဘဲ ရဲစခန်းမှာထိန်းသိမ်းစောင့်ရှောက်ရန် အခက်အခဲရှိတဲ့အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၂၃ အပိုဒ်(၁)နှင့်အညီ အမှန်တကယ်ထိန်းသိမ်းနိုင်မယ့် သိန္နီမြို့နယ်အမှတ်(၄)ရပ်ကွက်နေသူထံ လိုအပ်တဲ့အခါ ပြန်လည်ပေးအပ်ရန် ဝန်ခံကတိချုပ်ဆိုပြီး ခေတ္တအပ်နှံထိန်းသိမ်းစေသည် ဖြစ်ကြောင်း သိရှိရပါတယ်။ သိန္နီမြို့မရဲစခန်းအနေဖြင့် အဆိုပါအမှုမှ တရားခံများကို စုံစမ်းခဲ့သော်လည်း ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ဥပဒေအကြံပြုချက်နှင့်အညီ အမှုကို ပိတ်သိမ်းခဲ့ပြီး ပိုင်ရှင်မဲ့ဖမ်းဆီးရမိတဲ့ နွားထီး ၇၄ ကောင်ကို လိုအပ်သော စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန်အတွက် သိန္နီမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြခဲ့ကြောင်း သိရှိရပါတယ်။ နွားကဲ့သို့သော သက်ရှိပစ္စည်းဖမ်းဆီးရမိမှုအပေါ် မည်သို့သော အချိန်ကာလသတ်မှတ်ခြင်းဖြင့် လေလံတင်ရောင်းချခြင်း ပြုပါသနည်းဟူသော ကိုယ်စားလှယ်၏မေးခွန်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ နွားထီး ၇၄ ကောင်ဟာ ပျက်စီးလွယ်သောပစ္စည်းများဖြစ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၂၅ နှင့်အညီ လေလံတင်ရောင်းချနိုင်ရေးအတွက် လေလံတင်အဖွဲ့ဖွဲ့စည်းခြင်း၊ ဈေးနှုန်းသတ်မှတ်ခြင်းအပါအဝင် လိုအပ်သော စီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူပြီး လေလံတင်ရောင်းချခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ပိုင်ရှင်မဲ့ဖမ်းဆီးရမိတဲ့ နွားထီး ၇၄ ကောင်ကို လေလံတင်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရာမှာ ရဲလုပ်ငန်းများဆောင်ရွက်ခြင်းအပါအဝင် ရက်ပေါင်း ၆၆ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ လေလံတင်ရောင်းချတဲ့အခါ မည်သို့သောစံချိန်စံညွှန်း၊ စည်းကမ်းသတ်မှတ်ချက်များ၊ မည်သည့်လူတန်းစားများကို လေလံတင်ရောင်းချပါသနည်းဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်မဲ့သက်သေခံပစ္စည်းများ လေလံတင်ရောင်းချရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ ရက်စွဲပါစာအမှတ်ဖြင့် ထုတ်ပြန်ထားတဲ့ မူလပစ္စည်းပိုင်ရှင်ထံသို့ ရောင်းချခြင်းမပြုရ။ လေလံရရှိသူမှာလည်း လေလံဝယ်ယူသည့်ပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ သယ်ယူရောင်းချခြင်းမပြုရ။ ကျေးလက်ဒေသဖွံ့ဖြိုးရေး

နဲ့ ဆင်းရဲမှုလျှော့ချရေးအထောက်အကူပြုစေရန် မွေးမြူရေးအစုအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတို့တွင်လည်းကောင်း၊ စားသုံးမှုတွင်လည်းကောင်း အကျိုးရှိမှုကို ရည်ရွယ်ပြီး ရောင်းချပေးရန်ဟူသော ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရေပူစစ်ဆေးရေးစခန်းမှ ဖမ်းဆီးရမိတဲ့နွားထီး ၇၄ ကောင်ရဲ့လေလံတင်ရောင်းချ ခဲ့တဲ့ တန်ဖိုးငွေစာရင်းကို အများပြည်သူသိမြင်အောင် ထုတ်ပြန်ပေးရန်ရှိပါသလားဟူသော မေးခွန်း နှင့်စပ်လျဉ်း၍ လေလံတင်ရောင်းချနိုင်ရေးအတွက် လေလံကြော်ငြာစာမှာ နွားတစ်ကောင်လျှင် ငွေကျပ် ၃၈၀၀၀၀ နှင့် ထိန်းသိမ်းမှုအတွက် အစာ၊ ဆေးအပါအဝင် ငွေကျပ် ၇၀၀၀၀ စုစုပေါင်း ၄၅၀၀၀၀ ကို လေလံတင်ကြမ်းခင်းဈေးအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ လေလံတင်ရောင်းချမည်ဖြစ်ကြောင်းကိုလည်း အများ ပြည်သူသိရှိနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြော်ငြာဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှလည်း ကြော်ငြာခဲ့ကြောင်း သိရှိရပါတယ်။ လေလံ တင်ရောင်းချပွဲမှာ လေလံဝယ်ယူလိုသော လျှောက်ထားလာသူ သုံးဦးရှိပြီး လေလံတင်ရောင်းချခြင်းကို ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက် ခဲ့ရာ နွားတစ်ကောင်လျှင် ငွေကျပ် ၄၆၅၀၀၀ နှုန်းဖြင့် နွားထီး ၇၄ ကောင်အတွက် စုစုပေါင်းငွေကျပ် သိန်း ၃၄၄၁၀၀၀၀ ရရှိခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။ လေလံတင်ရောင်းချငွေများကို ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာမြို့နယ်၊ ဖမ်းဆီးပေးသည့်ဌာနအဖွဲ့အစည်းများအတွက် မည်သို့ အချိုးကျဖြင့် မည်သို့ခွဲဝေပေးသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ သိမ်းဆည်းရမိသော တရားမဝင် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာအမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၂၄/၂၀၁၅) ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက် အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)တို့အရ ၃၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူသို့လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းအား စုံစမ်းထောက်လှမ်းသည့်အဖွဲ့ များနှင့် ရှာဖွေဖမ်းဆီးသည့်အဖွဲ့များသို့လည်းကောင်း ခွဲဝေရမည်ဟု သတ်မှတ်ပြဌာန်းထားရှိပြီး ဖြစ်ပါ တယ်။

သို့ပါ၍ နွားထီး ၇၄ ကောင်ကို လေလံတင်ရောင်းချရာတွင် ရရှိခဲ့တဲ့ငွေကျပ်သိန်း ၃၄၄၁၀၀၀၀ အနက် အစာ၊ ဆေးအပါအဝင် ရက်ပေါင်း ၆၆ ရက်အတွက် ထိန်းသိမ်းခငွေကျပ် ၅၁၈၀၀၀၀ ကို

နွားများအား ထိန်းသိမ်းစောင့်ရှောက်ထားသူထံသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ လေလံတင်ရောင်းချရေး အဖွဲ့မှပေးချေခဲ့ပြီး ကျန်ရှိသည့်ငွေကျပ် ၂၉၂၃၀၀၀၀ ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှာ ညွှန်ကြားချက်နှင့်အညီ ပြည်ထောင်စုရန်ပုံငွေစာရင်းအမှတ် MD-010624 ကို ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၈၄၆၀၀၀ ကိုလည်းကောင်း၊ ပြည်နယ်ရန်ပုံငွေစာရင်းအမှတ် MD-021329 သို့ ၃၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၇၆၉၀၀၀ ကိုလည်းကောင်း၊ ရှာဖွေဖမ်းဆီးသည့် အကောက်ခွန်မှူး ဦးစိန်မိုးနှင့်အဖွဲ့သို့ ၃၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၇၆၉၀၀၀ ကိုလည်းကောင်း၊ သတင်းပေးသူများသို့ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၅၈၄၆၀၀၀ ကိုလည်းကောင်း အသီးသီး ဖြန့်ဝေပေးသွင်းထားပြီးဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့ဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးကို ပန်ကြားအပ်ပါတယ်။ အကယ်၍ လေလံတင်မရောင်းချရတဲ့နွားများကို ဘယ်လိုထားရှိမလဲ။ သို့တည်းမဟုတ် နိုင်ငံပိုင်နွားမွေးမြူရေးခြံများကို ပေးပို့ရန်အစီအစဉ်ရှိပါသလားဆိုတာ မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပိုင်ရှင်မဲ့ဖမ်းဆီးရမိတဲ့ပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့ သက်ရှိပစ္စည်းဖမ်းဆီးရမိမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်လည်းထားရှိပြီးဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့နွားတွေဟာ ပျက်စီးလွယ်တဲ့ပစ္စည်းများဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းထားရမယ့်အစီအစဉ်တော့ မပါရှိပါဘူး။ လက်ရှိဖမ်းဆီးရမိတဲ့နွား ၇၆ ကောင်ကလည်း ၆၆ ရက်ကြာထိန်းသိမ်းထားတဲ့အချိန်မှာ နွားတွေက အစာရေစာရှားပါးမှုနဲ့ရောဂါဖြစ်ပွားမှုတွေလည်း ဖြစ်ပေါ်လာတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်နယ်အစိုးရအနေနဲ့ကလည်း ဒီနွားတွေကို အစိုးရပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းဖို့ဟာ မဖြစ်နိုင်တဲ့အတွက် သက်ရှိဖမ်းဆီးရမိတဲ့ပျက်စီးလွယ်သောပစ္စည်းများနှင့်ပတ်သက်ပြီးတော့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လေလံတင်ရောင်းချခြင်းကိုသာ ဆောင်ရွက်စေလျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေခြင်းကို လျှော့ချရန်နှင့် ယခုထက်ပိုမိုသော အစီအမံများချမှတ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်။ အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေခြင်းများကို လျှော့ချရန် ယခုထက်ပိုမိုကောင်းမွန်သော အစီအမံများချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ကိုသိလို၍ မေးမြန်း သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက ပြည်သူသို့ကျေးဇူးတင်လွှာထဲမှာ ရေးသား ထောက်ပြခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့လမ်းညွှန်ချက်ကို ပထမတင်ပြလိုပါတယ်။ မြန်မာနိုင်ငံ ၏အနာဂတ်ကိုပိုင်စိုးသော မျိုးဆက်သစ်လူငယ်များ ကျန်းကျန်းမာမာဘေးကင်းလုံခြုံစွာ စိတ်ဓာတ် ကြံ့ခိုင်စွာဖြင့် ကြီးပြင်းလာရေး၊ နိုင်ငံ့တာဝန်များကိုအသင့်လွှဲပြောင်းထမ်းဆောင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးအမှောင်ထုကြီးကို ရှင်းလင်းဖယ်ရှားရန်အရေးကြီးလှပါသည်လို့ ရေးသားလမ်းညွှန်ခဲ့ ပါတယ်။ ဟုတ်ပါတယ်။ အခြားသောမြို့နယ်တွေလိုပဲ ကျွန်မရဲ့မဲဆန္ဒနယ်ကလည်း ဒီမူးယစ်ဆေးဝါး အမှောင်ထုကြီးဖုံးလွှမ်းမှုကိုခံနေရပါတယ်။ ကျွန်မတို့ကွင်းဆင်းတဲ့အလုပ်လုပ်ကြရင်း ကျေးရွာများမှာ အများဆုံးတင်ပြတာလည်း မူးယစ်ဆေးဝါးပြဿနာတွေပဲ ဖြစ်ပါတယ်။ ကျွန်မဆီမှာ မြို့ပေါ် လေးရပ်ကွက်နှင့်ကျေးရွာပေါင်း ၁၅၃ ရွာ၊ လူဦးရေ ၁၃၀၀၀၀ ကျော်နေထိုင်ပါတယ်။ အများစုကတော့ လယ်သမားတွေဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကင်းစင်တဲ့ရွာဆိုတာ တစ်ရွာမှမရှိပါဘူး။ ကျွန်မ အဓိက တင်ပြလိုတာကတော့ ကျေးရွာလူထုလူငယ်များရဲ့ ၆၀ သို့မဟုတ် ၇၀ ရာခိုင်နှုန်းလောက်ဟာ မူးယစ် ဆေးဝါးစွဲတဲ့အဆင့်မှာ ရှိနေပြီဆိုတာကို တင်ပြလိုပါတယ်။ အခုအခါမှာတော့ ရွာထိပ်တွေ၊ ရွာလယ်တွေ၊ ဝါးရုံပင်တွေအောက်မှာ၊ လယ်ထဲမှာ၊ ရွာတစ်ရွာနဲ့တစ်ရွာဆက်တဲ့လမ်းတွေမှာ မူးယစ် ဆေးဝါးဈေးတန်းများ စည်ကားနေတယ်ဆိုတာ ရွာလူထုအမြဲပဲ ကျွန်မကိုတင်ပြလို့ကြားသိရပါတယ်။ ဒီ့ထက်ဆိုးတာကတော့ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ခရီးဝေးသွားတဲ့အခါ စစ်ဆေးရေးဂိတ်တွေရောက်ရင် ကျွန်မတို့မြို့နယ်ရဲ့မှတ်ပုံတင် ၅/အတန ကိုင်ထားတယ်ဆိုရင် ကျွန်မတို့ကို ခဏဘေးဖယ်ထားပြီးမှ သီးခြားပြောဆိုရှာဖွေခံရတာတွေ၊ တွေ့ရှိလို့ဖမ်းဆီးခံရတာတွေရှိပါတယ်။ ဒီလောက်ထိ ကျွန်မတို့ မြို့နယ်က သတိထားမိလောက်အောင် မူးယစ်ဆေးဝါးသယ်ယူမှုပေါ်များနေပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင့်။ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှုကိုလျှော့ချရာမှာ အဓိကကျတဲ့ဝန်ကြီးဌာနများနဲ့ ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ပထမကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပဲ ဖြစ်ပါတယ်။ မြို့နယ်အဆင့်မှာတော့ မူးယစ်ဆေးဝါးနဲ့ကင်းရှင်းပေမဲ့လို့ ရပ်ကွက်နဲ့ကျေးရွာအဆင့် အုပ်ချုပ်ရေးမှူးများမှာတော့ မူးယစ်ဆေးဝါးရောင်းဝယ်သူများရဲ့ ခြိမ်းခြောက်ခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းများနဲ့ လုံးထွေးနေတာကို ကျွန်မတွေ့ရပါတယ်။ နောက်တစ်ခု ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့အပြောင်းအလဲကာလမှာ ကောင်းသော ပြောင်းလဲခြင်းများနဲ့ပြောင်းလဲလာတဲ့ အင်းတော်မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ကိုကြိုဆိုပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီးအတွင်းမှာ မူးယစ်ဆေးဝါးစံချိန်တင်ပမာဏများကိုလည်း ဖမ်းဆီးပေးနိုင်ခဲ့ပါတယ်။ ပြည်သူလူထုနဲ့လည်း ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်လာတာလည်း တွေ့ရပါတယ်။ ဒါပေမဲ့လို့ အခြားသောမြို့နယ်တွေလိုပဲ ရဲတပ်ဖွဲ့အင်အားကတော့ နည်းပါးနေပါသေးတယ်။ ရဲနဲ့ပြည်သူအချိုး ဟာ ၁ း ၁၄၀၀ လောက်ဖြစ်နေပါတယ်။ ဒီကြားထဲမှာအခြားသော ရဲလုပ်ငန်းတွေကိုအားဖြည့် ဆောင်ရွက်ရတဲ့အတွက် မူးယစ်ဆေးဝါးရှာဖွေတားဆီးရာမှာလည်း အခက်အခဲဖြစ်နေပါတယ်။ ဒါ့အပြင် အချို့ဝန်ထမ်းဆိုးများရဲ့အဂတိလိုက်စားမှုလည်းရှိနေပါတယ်။ ပြည်သူလူထုရဲ့ရဲတပ်ဖွဲ့အပေါ် ယုံကြည်မှုကလည်း နည်းနေသေးတာကို တွေ့ရပါတယ်။ ဒါတွေကြောင့်မို့ မူးယစ်ဆေးဝါးနှိမ်နင်း တားဆီးရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ထင်သလောက်ခရီးမပေါက်ဖြစ်နေတာ။

ဥက္ကဋ္ဌကြီးရှင့်။ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲရေးကိုလျှော့ချဖို့ အဓိကကျတဲ့ဝန်ကြီးဌာန တစ်ခုကတော့ ကျန်းမာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ဝန်ကြီးဌာနရယ်၊ INGO တွေရယ်ပူးပေါင်း ပြီးတော့ မူးယစ်ဆေးဝါးအစားထိုး မက်သတုံးဆေးဝါးသောက်သုံးတဲ့ Center များကို အင်းတော်မှာ တစ်ခု၊ မော်လူးဆေးရုံမှာတစ်ခု။ နှစ်ခုပေးထားပါတယ်။ အင်းတော်မှာတော့ နေ့စဉ် ၄၀၀ ကျော် လောက်လာရောက်သောက်သုံးပါတယ်။ မော်လူးမှာတော့ ၁၀၀ လောက်အစားထိုးလာရောက် သောက်သုံးပါတယ်။ ဒါကလည်း တကယ်တော့အကျိုးရှိပါတယ်။ ဒါပေမဲ့လို့ လုံလောက်မှုမရှိပါဘူး။ နေ့စဉ်သောက်ရတယ်။ နှစ်ရှည်သောက်ရတယ်။ ခရီးစရိတ်ကုန်တယ်၊ အလုပ်ပျက်တယ် စသည်များ ကြောင့်မို့လို့ ဒါမထိရောက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မူးယစ်ဆေးစွဲလူငယ်များအတွက် ကျေးရွာ အရောက် ဒီလို Center တွေကိုဖွင့်ပေးထားမယ်ဆိုရင် အလွန်ပဲကောင်းပါတယ်လို့ ကျွန်မအကြံပြုလို ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အင်းတော်မြို့နယ်ဟာ တားဆီးသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းလည်းမရှိပါဘူး။ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ စက်ရုံလည်းမရှိပါဘူး။ သို့သော် ဒီလိုမိုင်ရှည် ထောင်ချီ ခရီးဆန့်လာတဲ့ မကောင်းဆိုးဝါးအန္တရာယ်ကြီးကိုကာကွယ်ဖို့ အလွန်ပဲလိုအပ်လျက်ရှိပါတယ်။ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်စည်းရိုးကိုလုံခြုံအောင် ကာကွယ်ချင်တဲ့ဆန္ဒတွေ၊ သားကောင်ဖြစ်သွားတဲ့ လူငယ်များကို ကယ်တင်ချင်တဲ့ဆန္ဒတွေ၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ သာယာတဲ့ပတ်ဝန်းကျင် ဖန်တီးချင်တဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံများနည်းတူ နှစ်ကာလကြာရှည်စွာ ခံစားရလျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ အစိုးရအဆက်ဆက်အနေဖြင့်လည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်းပဲ လက်တွေ့ နယ်ပယ်မှာ စိန်ခေါ်မှုများရင်ဆိုင်နေရဆဲပဲဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပြဿနာကိုကိုင်တွယ်ဖြေရှင်း ရာမှာ တားဆီးနှိမ်နင်းရေးနဲ့ တရားစီရင်ရေးမဟာဗျူဟာတစ်ခုတည်းကိုသာ အသုံးပြုလို့မရဘဲနဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့ဖွံ့ဖြိုးရေးကဏ္ဍတွေကိုပါ ထည့်သွင်းရေးဆွဲရန်လိုအပ်လာကြောင်း လည်း သုံးသပ်တွေ့ရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဟာ ဝန်ကြီးဌာနများအသီးသီးမှာပါဝင်တဲ့ လုပ်ငန်းကော်မတီ ၁၀ ခုကို ဖွဲ့စည်းထားတဲ့အပြင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ထိ အဆင့်ဆင့်သော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မြေပြင်အခြေအနေ လိုအပ်ချက်အပေါ်မူတည်၍ Special Test Force များဖွဲ့စည်း၍လည်း မူးယစ်ဆေးဝါးဖမ်းဆီး ရရှိရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါ တယ်။ လက်ရှိမြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖွဲ့စည်းပုံအရ

စုစုပေါင်းအင်အား ၃၉၉၄ ဦးဖြစ်သော်လည်းပဲ လက်ရှိအင်အားမှာ ၁၁၁၈ ဦးရှိတဲ့အတွက် ၂၇.၉၉ ရာခိုင်နှုန်းသာရှိတဲ့အတွက် အင်အားများပြည့်မီနိုင်ရေးကိုလည်း စီမံချက်များနဲ့ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှာမူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ ခွင့်ပြုအင်အားမှာ အရာထမ်း၊ အမှုထမ်းစုစုပေါင်း ၃၆ ဦးဖြစ်ပြီး လက်ရှိမှာ ၁၆ ဦး ဖွဲ့စည်းပုံရဲ့ ၄၄.၄၄ ရာခိုင်နှုန်းနဲ့ အင်းတော်မြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အင်းတော်မြို့နယ်အတွင်း တားဆီးနှိမ်နင်းရေးများဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၅ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၉၇ မှု၊ တရားခံ ကျား/မစုစုပေါင်း ၁၈၇ ဦး၊ ၂၀၁၆ ခုနှစ်မှာ အမှုပေါင်း ၁၂၀၊ တရားခံ ကျား/မစုစုပေါင်း ၂၀၇ ဦးဖမ်းဆီးရမိခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၂ ရက်နေ့ထိ မူးယစ်ဆေးဝါးအမှုပေါင်း ၇၆ မှု ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီမှာ ဘိန်း ၇.၇၉၅ ကီလို၊ ဘိန်းဖြူ ၆.၅၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်းကျော်ဖမ်းဆီးရမိပြီး ကျားတရားခံ ၁၃၀၊ မတရားခံ ၄ ဦး ပေါင်း ၁၃၄ ဦးကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အင်းတော်မြို့နယ်အတွင်း တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အဆက်မပြတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့ဝင်ရောက်မှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့်ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ရာ စုစုပေါင်းအကြိမ် ၁၀၆ ကြိမ်ပြုလုပ်ခဲ့ပြီး လူဦးရေစုစုပေါင်း ၂၀၀၀၀ ကျော် တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင်နိုင်ငံတစ်ဝန်း ဒေသခံပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် မူးယစ်ကင်းစင်ကြောင်း၊ မူးယစ်ကင်းစင်ရပ်ကွက်နှင့် မူးယစ်ကင်းစင်ကျေးရွာတွေကို တည်ထောင်ဆောင်ရွက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့အခါမှာ အထိုက်အလျောက်အောင်မြင်မှုများ ရရှိနေတာဖြစ်တဲ့အတွက် ပြည်သူလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုကိုအားရယူပြီး ဆက်လက်တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အင်းတော်မြို့နယ်၊ ပင်ဝယ်ကျေးရွာအုပ်စု၊ ပင်ဝယ်ကျေးရွာကို မူးယစ်ကင်းစင်ကျေးရွာအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုအားကိုရယူပြီး ကျန်ကျေးရွာများကိုလည်း ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အင်းတော်မြို့နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးပြဿနာများ လျော့နည်းပပျောက်စေရေးအတွက် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်တဲ့

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒအသစ် အမြန်ဆုံးပေါ်ထွက်လာရေးကို လမ်းပြမြေပုံ Road Map ရေးဆွဲချမှတ်ပြီး လုပ်ငန်းစဉ်းများအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်ရန်လိုအပ်တဲ့ အတွက် ဥပဒေမူကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ရာ အခုအခါမှာအမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးလျက် ရှိပါတယ်။ သို့ပါ၍ အင်းတော်မြို့နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် အင်းတော်မြို့နယ်က ကချင်ပြည်နယ်၊ ကျောက်စိမ်းတူးဖော်ရာနေရာများသို့ မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းပေါ်မှာတည်ရှိနေတဲ့အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ အဖွဲ့တစ်ဖွဲ့ကို အင်းတော်မြို့မှာအခြေပြုထားရှိပြီး နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း များနှင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုအားကိုရယူပြီး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဝန်ထမ်းများ၏ပါဝင်ပတ်သက်မှုများရှိပါက ဖော်ထုတ်စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေများ၊ စာကျက်မြေကို လယ်မြေအဖြစ်ဌာနက အသုံးပြု နေသည့် မြေများမည်မျှရှိပြီး မည်သို့စီမံခန့်ခွဲထားပါသနည်း၊ အဆိုပါမြေများအား မြေမဲ့ယာမဲ့ဒေသခံ များအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် လယ်မြေနှင့်စာကျက်မြေများကို လယ်မြေအဖြစ် အသုံးပြုနေသော ဧကမည်မျှရှိသည်ကို သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး မင်္ဂလာပါရှင်။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းမယ့်မေးခွန်းကတော့ (၁)မြို့နယ်အသီးသီးတွင် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်လယ်မြေများ၊ စားကျက်မြေကို လယ်မြေအဖြစ်ဌာနကအသုံးပြုနေသည့် မြေများမည်မျှရှိပြီး၊ မည်သို့စီမံခန့်ခွဲထားပါသနည်း။ (၂)အဆိုပါ လယ်မြေများ၊ စားကျက်မြေများကို ဌာနအနေနဲ့ မြို့နယ်အသီးသီးရှိ မြေမဲ့ယာမဲ့ဒေသခံများအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်

ရှိ/မရှိ၊ (၃) သထုံမဲဆန္ဒနယ်မြေတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်နယ်မြေနှင့် စားကျက်မြေများကို နယ်မြေအဖြစ်အသုံးပြုနေသော ဇကမည်မျှရှိပါသနည်း ဖြစ်ပါတယ်၊

ဥက္ကဋ္ဌကြီးရှင်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်များလမ်းညွှန်ချက် အပိုဒ် ၁၂ မှာလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အကြီးအကဲများယုံကြည်အားထားရသည့် အဆင့်ရောက်အောင်ဌာနတွင်း တည်ဆောက်ရေးကို ရေတိုရေရှည်စီမံချက်ချ၍ အပြင်းအထန်တည်ဆောက်ရမှာဖြစ်ကြောင်း ဒီလိုဆောင်ရွက်တဲ့နေရာမှာ စိတ်ဓာတ်တိုးတက်မြင့်မားရေး၊ လေ့ကျင့်ရေး၊ သက်သောချောင်ချိရေး၊ အုပ်ချုပ်မှုစနစ်မှန်ကန်ရေးစတဲ့ ကဏ္ဍကြီးလေးရပ်နဲ့ အဓိကထားပြီး တည်ဆောက်ရမှာဖြစ်ကြောင်း ဖော်ပြထားပြီးတော့ အုပ်ချုပ်မှုစနစ်မှန်ကန်ရေးဆိုတဲ့နေရာမှာ ဌာနတွင်းနဲ့ ပြည်သူလူထုတွင်းဆိုပြီး ထပ်မံခွဲခြားထားပါတယ်။ ပြည်သူလူထုနှင့်ပတ်သက်ပြီး ဖော်ပြတဲ့အခါမှာ ပြုရိုဂရက်ဆန်ခြင်းသည် အုပ်ချုပ်မှုအတွက် အန္တရာယ်ဖြစ်ကြောင်း ပြည်သူ့အထာ၊ ပြည်သူ့အနာကို အမြန်ဆုံးသိရှိပြီး ဖြေရှင်းပေးနိုင်ရမယ်ဆိုတဲ့ ကောင်းမွန်လှတဲ့ လမ်းညွှန်ချက်တွေကို လေ့လာမိတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများရဲ့ သိချင်ဖြစ်ချင်နေတဲ့ ဆန္ဒအထာနဲ့ မြေယာတွေဆုံးရှုံးခဲ့ရမှု၊ နေထိုင်လုပ်ကိုင်စရာမြေနေရာရှားပါးမှုအနာတွေကို ကူညီဖြေရှင်းပေးနိုင်အောင် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ယခင် မ.ဆ.လ ခေတ် ပြည်သူ့ကောင်စီလက်ထက်ကတည်းက သိမ်းယူခြင်းဖြင့်လည်းကောင်း၊ မြေယာတွေဖောက်ထုတ်၍လည်းကောင်း ရရှိခဲ့တဲ့ လယ်ယာတွေကို လက်ဆင့်ကမ်းရရှိခဲ့တာရှိသလို န.ဝ.တလက်ထက်က သိမ်းယူခဲ့တဲ့မြေယာတွေကိုလည်း အဆင့်ဆင့်လက်ကမ်းရရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ဌာနပိုင်မြေတွေ ဘယ်လောက်ရှိပြီးတော့ အဲဒီမြေတွေကို ဘယ်လိုစီမံခန့်ခွဲနေသလဲဆိုတယ်၊ အဲဒီလယ်ယာမြေတွေကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေရပြီးတော့ ဘယ်လိုအသုံးပြုနေတယ်ဆိုတာကိုတော့ ကျွန်မတို့မသိရှိခဲ့ရပါဘူး။ ဒါတွေကို ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ ချပြပေးဖို့လိုမယ်လို့ထင်ပါတယ်။ ကျွန်မမဲဆန္ဒနယ်မှာတော့ လယ်ယာမြေတချို့ကို သီးစားချထားပေးပြီးတော့ လုပ်ကိုင်စေတယ်လို့ သိရပါတယ်။ အထူးသဖြင့် စပါးအထွက်ကောင်းတဲ့ ရွာတွေမှာ အဲဒီလယ်မြေတွေအများဆုံးရှိပါတယ်။ တချို့နေရာတွေမှာလည်း စားကျက်မြေတွေအပေါ်မှာ သီးစားချထားခွင့် ပေးတယ်လို့သိရပါတယ်။ တချို့မြေတွေကိုတော့ ဒီအတိုင်းပစ်ထားခဲ့ပြီး အသုံးမပြုလို့ ဒေသအတွက်လည်း အကျိုးမရှိဖြစ်နေပါတယ်။ ဟိုတုန်းကတော့ ဝန်ထမ်းသက်သာအနေနဲ့ ရရှိတဲ့သီးစားချကို ဝန်ထမ်းတစ်ဦးကို တစ်လလျှင် ကျပ် ၅၀၀၀ ထောက်ပံ့ခဲ့

တယ်လို့သိရပေမဲ့ ၂၀၁၃ ခုနှစ်၊ ဝန်ထမ်းသက်သာဖျက်သိမ်းပြီးတဲ့နောက်ပိုင်းမှာတော့ ဘယ်လို အဆောင်အယောင်တွေကို မသိရတော့ပါဘူး။ အထက်မှာတင်ပြခဲ့သလို ဌာနပိုင်မြေတွေ ဘယ်လောက် ရှိတယ်။ ဘယ်လိုအမြတ်ရပြီးတော့ ဘယ်လိုအသုံးပြုတယ်ဆိုတာတွေ ပြည်သူတွေမသိရတော့ ဒါတွေဟာအထွေထွေအုပ်ချုပ်ရေးပိုင်မြေလို့ပြောပြီး တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်နေတာ တွေတွေ့ရလို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အမှန်တကယ်ပိုင်ဆိုင်တဲ့ မြေကိုယ့်ရဲ့ မြို့နယ် မှာ ဘယ်နေရာမှာဘယ်လောက်ရှိတယ်ဆိုတာ ပြည်သူတွေသိသင့်တာရယ်၊ ဌာနရဲ့လုပ်ငန်းတစ်ခုဖြစ် တဲ့ မြေကြီး၊ မြေပေါ်၊ မြေစာရင်း တိကျမှန်ကန်ရေးအတွက် မြေစာရင်းဌာနနဲ့ ညှိနှိုင်းဆောင်ရွက် ရမယ်ဆိုတဲ့ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်နိုင်ရေးအတွက် ဒီမေးခွန်းကိုမေးရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ တစ်နေ့တခြားတိုးပွားလာတဲ့ လူဦးရေကြောင့် နေထိုင်စရာ မြေယာကွက်တွေလိုသလို အဲဒီလူတွေအတွက် စားရေး၊ ရိက္ခာရဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ အတွက် မြေယာတွေလိုအပ်နေတာ အမှန်ပါ။ ဒါကြောင့်မို့ ဌာနအနေနဲ့ မိမိတို့အတွက် မည်သည့် အတွက်ကြောင့်မြေကို မည်မျှယူထားခြင်းဖြစ်ကြောင်း ရှင်းလင်းပေးဖို့လိုသလို ပြည်သူလူထုအကျိုး အတွက် မြေကိုစီမံခန့်ခွဲပေးဖို့လည်း လိုအပ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ လုပ်ငန်း တာဝန်လမ်းညွှန်ချက်ပါ မိမိဦးတည်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက် နိုင်ရန် ညှိနှိုင်းပေါင်းစပ်မှုနဲ့ အကောင်အထည်ဖော်ရမည်ကို နားလည်ရမည်ဆိုတဲ့ လမ်းညွှန်ချက် အတိုင်း ပြည်သူများအတွက် ဌာနပိုင်မြေတချို့ကို ညှိနှိုင်းစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည် နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ပထမမေးခွန်းဖြစ်တဲ့ မြို့နယ် အသီးသီးမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်ယာမြေများ စားကျက်မြေကို လယ်ယာမြေ အဖြစ်ဌာနက အသုံးပြုနေသည့်မြေများ မည်မျှရှိပြီး၊ မည်သို့စီမံခန့်ခွဲပါသနည်းဆိုသော မေးခွန်းနှင့်

စပ်လျဉ်းပြီး နေပြည်တော်တိုင်းဒေသကြီး/ပြည်နယ်များမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေ ၂၁၉၂.၈၆ ဧကရှိပြီး ရှေးယခင်ကတည်းက ဌာနမှာစိုက်ပျိုးခဲ့တဲ့ ဌာနပိုင်မူလလယ်မြေ ၁၂၇၆.၆၈ ဧက၊ တောင်သူများအသုံးမပြုခဲ့သော လယ်ယာမြေများဖြစ်၍ ဌာနမှာတာဝန်ယူ စိုက်ပျိုးထားတဲ့ လယ်ယာမြေ ၉၉.၆၃ ဧက၊ မြေလွတ်မြေရိုင်းများကို ဌာနအစီအစဉ်ဖြင့် ခုတ်ထွင်အသုံးပြုထားတဲ့ လယ်မြေ ၁၇၆.၂၈ ဧကနှင့် စားကျက်မြေကို လယ်ယာမြေအဖြစ်ပြောင်းလဲအသုံးပြုထားတဲ့ လယ်မြေ ၆၄၀.၂၇ ဧကရှိကြောင်း တင်ပြလာပါတယ်။ အဆိုပါလယ်မြေများအနက် လယ်မြေ ၁၄၈၉.၈၅ ဧကမှာ လယ်ယာမြေလုပ်ကိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ-၇ ရရှိထားပြီး လယ်မြေ ၁၈၄.၈၃ ဧကမှာ လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ ပုံစံ-၇ လျှောက်ထားခွင့်နှင့် ကျန်လျှောက်ထားရာကျန်တဲ့ လယ်မြေ ၅၂၈.၁၈ ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ လယ်ယာမြေများမှ ရရှိသောအကျိုးအမြတ်များကို ဝန်ထမ်းမိသားစုများ၏ သာရေးနာရေးနှင့်ပညာသင်ထောက်ပံ့ကြေးများကို ဦးစီးဌာန၏အစီအမံဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးလုပ်ကိုင်မှုမှာတော့ သီးစားချထားခွင့်မရှိကြောင်းနှင့် သီးစားချထားမှုများ တွေ့ရှိရပါက ဖော်ထုတ်အရေးယူသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဌာနပိုင်လယ်မြေများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ မြေမဲ့ယာမဲ့ဒေသခံများအတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး တောင်သူများအသုံးမပြု၍ ဌာနမှတာဝန်ယူစိုက်ပျိုးလျက်ရှိတဲ့ တိုင်းဒေသကြီးခြောက်ခုမှာရှိတဲ့ လယ်မြေဧက ၉၉.၆၃ ဧကကို မူလတောင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာတော့ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာရှည်ကျေးရွာအုပ်စုမှာရှိတဲ့ မြေဧက ၃.၈၂ ဧကကိုတော့ ပြန်လည်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိတဲ့ ၉၅.၈၁ ဧက စွန့်လွှတ်နိုင်ရေးကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဌာနရဲ့မူလပိုင်လယ်မြေများနှင့် တောရိုင်းကိုခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးခဲ့တဲ့ ဧက ၂၀၉၃.၂၃ ဧကဟာ တစ်စုံတစ်ဦးထံမှ သိမ်းယူထားခြင်း မဟုတ်တဲ့အတွက် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သထုံမြို့နယ်မှာ အထွေထွေအုပ်ချုပ်ရေးဌာနပိုင် လယ်မြေနှင့် စားကျက်မြေများကို လယ်မြေအဖြစ်အသုံးပြုနေတဲ့ ဧကပိုင်မည်မျှရှိပါသနည်းမေးခွန်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနပိုင်လယ်မြေ ၅၈.၄၅ ဧကရှိပြီး အဆိုပါ

လယ်မြေများအနက် ၁၆.၀၈ ဧကကို ၁၉၉၃-၁၉၉၄ ခုနှစ်မှာလည်းကောင်း၊ ၄၂.၃၇ ဧကကို ၁၉၉၄-၁၉၉၅ ခုနှစ်မှာလည်းကောင်း၊ စားကျက်မြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲခွင့်ပြုမိန့်ရရှိပြီး လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ-၇ ရရှိထားပြီးဖြစ်ပါတယ်။ သထုံမြို့နယ် နောင်ကုလားကျေးရွာအုပ်စု ကွင်းအမှတ် ၆၂၁/က မှာရှိတဲ့ လယ်မြေ ၇.၆ ဧကကို မူလပိုင်ရှင်မှပြန်လည်တောင်းဆိုချက်အပေါ် ညှိနှိုင်းသဘောတူညီချက်အရ ၂.၂၆ ဧကကို မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် ကျန် ၅ ဧကကို လယ်ယာမြေအခြားအသုံးပြုခွင့် ရရှိရေးလျှောက်ထားပြီး အုပ်ချုပ်ရေးဝန်ထမ်း အိမ်ရာများ ဆောက်လုပ်ရန်လျာထားပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါရှင်။ အခုလိုဝန်ကြီးဖြေတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဖြေသွားတဲ့ အဖြေထဲမှာ ပုံစံ-၇ ရရှိထားတဲ့ဧက၊ ပုံစံ-၇ မရရှိထားတဲ့ဧကတွေ ကျန်ရှိပါတယ်။ အဲဒီတော့ ကျွန်မ မေးချင်းတာကတော့ ပထမဝန်ကြီးဖြေသွားတဲ့အထဲမှာပါတဲ့ ဒီမြေဧကတွေက အတော်ကြီးကို များနေပါတယ်။ ပုံစံ-၇ ရထားတဲ့ဧကရော၊ ပုံစံ-၇ မရထားတဲ့ဧကရောပေါင်းလိုက်မယ်ဆိုရင်တောင်မှ ဒီပထမ ဖြေဆိုထားတဲ့ဧကတွေနဲ့ကွာနေတဲ့အတွက် အဲဒီကျန်ကွာဟနေတဲ့ဧကတွေအတွက်ရော ဘယ်လိုဆက် လက်စီမံဆောင်ရွက်မလဲဆိုတာကို သိချင်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် တတိယ မေးခွန်းကို ဖြေကြားချက်မှာပါတဲ့အတိုင်းတဲ့ ကျွန်တော်တို့မူလက။ ယခင်အဆက်ဆက်က ကျွန်တော်တို့ တောင်သူတွေ အသုံးမပြုတဲ့အတွက် အခေါ်အဝေါ်နဲ့တော့ စည်း/ပျက် လယ်ယာမြေကို ကျွန်တော်တို့ ဌာနကနေ တာဝန်ယူလုပ်ကိုင်ခဲ့တဲ့ ၉၆၉.၆၃ ဧကကိုတော့ မူလပိုင်ရှင်တွေထံကို တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခု အားလုံးပြန်လည်စွန့်လွှတ်ပေးသွားမှာဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ မူလကျွန်တော်တို့ ယခင်ကတည်းက ဌာနရဲ့မူလပိုင်လယ်မြေတွေနဲ့ ဌာနအစီအစဉ်နှင့်ဖော်ထုတ်ရရှိထားတဲ့ မြေရိုင်းကို ဖော်ထုတ်ထားတဲ့ဧကနဲ့ စားကျက်မြေကို လယ်ယာမြေအဖြစ်ပြောင်းလဲအသုံးပြုခွင့်ရရှိထားတဲ့

လယ်ယာမြေဇကေတွေကိုတော့ ဌာနကပဲ ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်ကြောင်းနဲ့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ကလေးမြို့အား မြို့မြေတိုင်းထွာသတ်မှတ်ပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ကျွန်မတို့ကလေးမြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်ကျော် တကောင်းမြို့ပြများနှင့်အပြိုင် မြို့ရိုး၊ ကျုံး၊ စေတီ၊ ပုထိုး၊ အရံမြို့ငယ်များနဲ့စနစ်တကျတည်ဆောက်ခဲ့တဲ့ စော်ဘွားနန်းစိုက်ရာမြို့တစ်မြို့လည်းဖြစ်ပါတယ်။ နှစ်ကာလကြာရှည်လာမှုနှင့် လူထုရဲ့ထိန်းသိမ်းပြုပြင်မှုအားနည်းချက်များကြောင့် ရှေ့ဟောင်းမြို့ပြ၏အမှတ်လက္ခဏာများဟာ အနည်းငယ်သာကျန်ရှိပါတော့တယ်။ ပျက်စီးဆုံးရှုံးသွားခဲ့ရပြီးဖြစ်တဲ့ ရှေးဟောင်းအမွေအနှစ်များကို ပြန်လည်တည်ဆောက်ယူလို့မရတော့သလို အနည်းငယ်သာကျန်ရှိတော့တဲ့အမှတ်လက္ခဏာများဟာလည်း ပြုပြင်ထိန်းသိမ်းရန်မဖြစ်နိုင်တော့တဲ့အခြေအနေ ဖြစ်နေရပါပြီ။ ဒီလို မိဘဘိုးဘွားများရဲ့အမွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းမရှိတာဟာ ကလေးမြို့လူထုအတွက်သာမက ကျွန်မတို့နိုင်ငံအတွက်ပါ ကြေကွဲဖွယ်ရာဆုံးရှုံးမှုဖြစ်သလို အရှက်ရစရာကိစ္စလည်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရှေးဟောင်းအမွေအနှစ်တွေကို ပြုပြင်ထိန်းသိမ်းထားနိုင်ရင်ကောင်းတယ်ဆိုတာကို ကျွန်မတို့ပြည်သူလူထုနဲ့ အုပ်ချုပ်ရေးတာဝန်ရှိသူများပါသိရှိခဲ့ကြပေမဲ့ ဘာတစ်ခုမှ လက်တွေ့အကောင်အထည်ဖော်မှုမရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ တကယ်လို့သာ ရှေးတစ်ချိန်ချိန်က ထိန်းသိမ်းရေးအစီအမံတစ်ခုခုကို ချမှတ်ဆောင်ရွက်ခဲ့ကြမယ်ဆိုလို့ရှိရင် စီမံခန့်ခွဲမှုချောမွေ့ပြီး ကုန်ကျစရိတ်အနည်းငယ်နှင့် ကမ္ဘာကတန်ဖိုးထားတဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ထိန်းသိမ်းနိုင်ခဲ့ကြမှာဖြစ်ပါတယ်။ ကျွန်မအခုလိုတင်ပြတာဟာ အတိတ်က တာဝန်ယူခဲ့မှုတွေကို အပြစ်တင်ပြောဆိုလိုခြင်းမဟုတ်ပါဘူး။ သင်ခန်းစာယူဖို့သက်သက်သာဖြစ်ပါတယ်ဆိုတာကို အလေးအနက်ပြောကြားလိုပါတယ်။ အတိတ်ကကြုံတွေ့ခဲ့ရတဲ့ အားနည်း

ချက်၊ အားသာချက်တွေကို ရဲရဲဝံ့ဝံ့သုံးသပ်ပြီး အနာဂတ်အတွက် စီမံခန့်ခွဲနိုင်မှသာ အပြစ်သံသရာမှ ရုန်းထွက်နိုင်ကြမှာဖြစ်ပါတယ်။ ကျွန်မတို့မြို့ဟာ အတိတ်တစ်ချိန်က အဘယ်မျှသာယာလှပစည်ကားပြီး ဘယ်လိုပြဿနာတွေရှိခဲ့တယ်ဆိုတာကို မသိနိုင်ခဲ့ပေမဲ့ ယခုမျက်မှောက်ကာလမှာလည်း အခြားမြို့ကြီး တွေထက် ဘယ်အရာတွေကသာလွန်ပြီး ဘယ်အရာတွေကအားသာချက်ရှိတယ်ဆိုတာကိုလည်း တပ်အပ်သေချာမပြောတတ်ပါဘူး။ ဒါပေမဲ့ အဆင်မပြေမှုတွေနဲ့ အခက်အခဲတွေကတော့ အခြားမြို့ကြီး တွေထက် ပိုရင်သာပိုမယ်။ တစ်ချက်မှ လျော့လိမ့်မယ်မထင်ပါဘူး။ လေယာဉ်ကွင်းကို မြို့လယ်မှာ ထားပြီး မြို့ပြရပ်ကွက်များကို တိုးချဲ့ခဲ့တာကိုကြည့်ရုံနဲ့တင် အခက်အခဲတွေကို ပြောရတာလုံလောက် မယ်ထင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မြို့ဟာ မြို့ပေါ်ရပ်ကွက်ကြီး ၁၉ ရပ်ကွက်နဲ့ဖွဲ့စည်းထားပြီး တော့ မြို့ပြလူဦးရေ တစ်သိန်းငါးသောင်းကျော်ခန့်ရှိပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ချက် အရ မြို့ပြဧရိယာ ၆၆၆၂ ဧကရှိပြီး အဲဒီအထဲကမှ ၁၉၇၀ ခုနှစ်က ၁၁၀၀ ဧကကိုသာ မြို့မြေအဖြစ် တိုင်းထွာသတ်မှတ်ပြီး မှတ်တမ်းတင်ထားနိုင်ခဲ့ပါသေးတယ်။ ကျန်တဲ့ ၅၅၆၂ ဧကရှိမြို့ပြလူနေဧရိယာကို တော့ မြို့မြေအဖြစ်တိုင်းထွာသတ်မှတ်နိုင်ခြင်းမရှိသေးပါဘူး။ မြို့မြေတိုင်းထွာသတ်မှတ်နိုင်ခြင်းမရှိ သေးတဲ့အတွက် မြေယာအငြင်းပွားမှုများ၊ မြေယာကျူးကျော်တိုးချဲ့မှုများ၊ မြို့ပြတစ်ခုရဲ့အခြေခံ အဆောက်အဦများကို ဖြစ်သလိုဖော်ဆောင်နေမှုများစတဲ့ အခက်အခဲများ ဖြစ်နေရပါတယ်။ ဒါ့ထက် ပိုဆိုးတာက တောင်သူလယ်သမားအချို့နဲ့ မြေပွဲစားများရဲ့နည်းမျိုးစုံအိမ်ရာကွက်များဖန်တီးပြီး ဥပဒေမဲ့လုပ်ကိုင်ခဲ့တာကြောင့် အဆင့်မီရပ်ကွက်များဖြစ်မလာကြဘဲ အဘက်ဘက်ကအားနည်းတဲ့ မြို့ပြကြီးအဖြစ် ပေါ်ထွန်းခဲ့ရပါတယ်။ ဒီလို အဘက်ဘက်ကအားနည်းတဲ့ မြို့မြေကွက်များကို စနစ်တကျထိန်းသိမ်းမှုနဲ့ မှတ်တမ်းမှတ်ရာများမရှိခဲ့ပါက နောင်အခါမှာ ယခုလက်ရှိအခက်အခဲများ များသည်ထက်များလာပြီး ဖြေရှင်းရန်ခက်ခဲလာတော့မှာဖြစ်ပါတယ်။ မြို့ပြတစ်ခုသာယာလှပဖို့ဆိုရင် ၎င်းမြို့တွင်နေထိုင်သူများရဲ့ စိတ်ဓာတ်ရေးရာလုံခြုံမှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုခံထားရတဲ့မြေပေါ်မှာ နေထိုင်ရတာမဟုတ်ဘဲ လယ်ယာ စိုက်ပျိုးမြေများအပေါ်မှာ တရားမဝင်ကျူးကျော်နေထိုင်ရတဲ့ အခြေအနေဖြစ်တယ်ဆိုတာ ဘယ်လိုမှ စိတ်နှလုံးအေးချမ်းစရာ မရှိပါဘူး။ မိမိတို့ရဲ့ချွေးနဲစာနဲ့ ဝယ်ယူထားရတဲ့မြေကွက်ဟာ မရေရာမသေချာ တဲ့ ပိုင်ဆိုင်မှုဖြစ်နေရရင် ကိုယ့်ဘဝအနာဂတ် တိုးတက်ရာတိုးတက်ကြောင်းလုပ်နိုင်ဖို့ရာမှာ အခက်အခဲအများကြီး ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ရသင့်ရထိုက်တဲ့ မြေယာအခွန် အခများမရရှိနိုင်သလို မလိုလားအပ်တဲ့အပြစ်သံသရာကနေ ရုန်းထွက်မရနိုင်ဖြစ်နေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအစပိုင်းမှာတင်ပြခဲ့သလို ကျွန်မတို့မြို့ဟာ မြို့ရိုး၊ ကျုံး၊ စေတီ၊ ပုထိုးများနဲ့ သာယာလှပတဲ့မြို့ပြဟာ အခုဆိုရင် စီမံခန့်ခွဲမှုလိုအပ်ချက်များကြောင့် ပျောက်ကွယ်ရပြီဖြစ်ပါတယ်။ အတိတ်တစ်ချိန်ချိန်မှာ နှစ်အလိုက်ပြီးစီးရမယ့်လုပ်ငန်းတာဝန်များကို ပြီးပြတ်အောင်မဆောင်ရွက်နိုင်ခဲ့ဘဲ အနာဂတ်နှစ်တွေဆီ လက်ဆင့်ကမ်းသယ်ယူသွားမယ်ဆိုရင် ကျွန်မတို့ဟာ တာဝန်ဝတ္တရားပျက်ကွက်သူများအဖြစ် နောင်လာနောက်သားများ မှတ်ကျောက်တင်ခံရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရသို့ မေးမြန်းလိုသည်မှာ ၂၀၁၅ ခုနှစ် အစိုးရသစ်တာဝန်ယူပြီး ရက်တစ်ရာစီမံချက်မှာ တစ်မြို့တစ်ရွာနှုန်းဖြင့် မြေများတိုင်းထွာပြီး မြေငှားဂရမ်များချထားပေးခဲ့သလို မြို့ကြီးအချို့ကိုလည်း မြို့မြေတိုင်းထွာမှုများချထားပေးပြီး လုပ်ငန်းများအကောင်အထည်ဖော်နေသကဲ့သို့ မိမိမဲဆန္ဒနယ်ဖြစ်တဲ့ မြို့ပြလူဦးရေ တစ်သိန်းငါးသောင်းကျော်ရှိ ရှေးနှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက စတင်ခဲ့တဲ့ကလေးမြို့အား မြို့မြေတိုင်းထွာပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်နှစ်တွင် တိုင်းထွာမှုလုပ်ငန်းများ စတင်နိုင်မည်ကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်နဲ့အတူ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေများကို လူနေထိုင်ရန်နှင့် စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်အတွက် မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်စပ်လျဉ်းပြီးတော့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တို့နှင့်အညီ စိစစ်ပြီးမြေငှားဂရန်များကို ခွင့်ပြုချထားပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်ဟာ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့မြို့ပြတစ်ခုဖြစ်ပါတယ်။ ကလေးမြို့ဟာ ရပ်ကွက် ၁၉ ရပ်ကွက်ဖြင့်ဖွဲ့စည်းထားပြီး အဆိုပါမြို့ပေါ်

ရပ်ကွက်များမှ မြေငှားဂရန်လျှောက်ထားမှုအပေါ် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့အထိ ပုဂ္ဂလိကမြေငှားဂရန် ၄၁၉၈ ခု၊ စက်မှုစီးပွားမြေငှားဂရန် ၂၈၀၊ ကျေးရွာမြေငှားဂရန် ၂၂၈၊ မြေငှား ဂရန်အမှုတွဲ စုစုပေါင်း ၄၇၀၆ တွဲကို ခွင့်ပြုချထားပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကလေးခရိုင်၊ ကလေး မြို့ဟာ မြို့ဧရိယာ ၅၉၂၆.၃၉၃၅ ဧကကျယ်ဝန်းပြီး ၎င်းဧရိယာထဲမှ ၂၀ ရာခိုင်နှုန်းကိုသာ ၁၉၇၀-၁၉၇၁ ခုနှစ်မှာ မြို့မြေအဖြစ် တိုင်းတာဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေတဲ့ ၈၀ ရာခိုင်နှုန်းကိုတော့ တိုင်းတာရန်ကျန်ရှိနေကြောင်း တွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မြို့မြေတိုင်းတာ ခြင်းလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မုံရွာမြို့နယ် မြို့မြေတိုင်းတာရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ်သန်း ၁၀၀ ခွင့်ပြုချထားပေးပြီး မြို့ကွက်ပေါင်း ၂၆၆ ကွက်ကို တိုင်းတာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ မုံရွာခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များမှာ မြို့မြေတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မုံရွာမြို့နယ်အတွက် ငွေကျပ် ၂၃၈.၉၅၂ သန်း၊ အရာတော်မြို့နယ်အတွက် ငွေကျပ် ၁၆.၃၁၈ သန်း၊ ဘုတလင်မြို့နယ်အတွက် ငွေကျပ် ၅.၁၄၇ သန်း၊ ချောင်းဦးမြို့နယ်အတွက် ငွေကျပ် ၁၂.၄၂၃ သန်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ အသီးသီးခွင့်ပြုချထားပေးခဲ့ပြီး မြို့မြေတိုင်းတာရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့မြေတိုင်းတာရေးအတွက် ရန်ပုံငွေရရှိမှုဟာ မုံရွာမြို့၊ အရာတော်မြို့၊ ဘုတလင်မြို့နှင့်ချောင်းဦးမြို့တို့အတွက်သာပါရှိပြီး ကလေးမြို့နယ်အတွက် မပါရှိ သေးကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကလေးမြို့နယ်မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ စီမံချက်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်နှင့်အတူ ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**(ငြိမ်း/စု/စီ)ဥပဒေပြဋ္ဌာန်းပြီးနောက် ယခုအချိန်ထိ တစ်နိုင်ငံလုံး တရားဝင်ဆန္ဒထုတ်ဖော်မှုပေါင်း မည်မျှရှိပါသနည်း၊ ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် မည်သို့အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမယ့်မေးခွန်းကတော့ ငြိမ်း/စု/စီ ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ယခုအချိန်ထိ တရားဝင်ဆန္ဒဖော်ထုတ်မှုအရေအတွက်၊ အဲဒီဆန္ဒဖော်ထုတ်မှုတွေအပေါ်မှာ တာဝန်ရှိသူများက ဘယ်လိုတာဝန်ယူဖြေရှင်းခဲ့ကြတယ်ဆိုတာကို သိလိုလို့ မေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားများကို လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုထားပါတယ်။ ဒီအခွင့်အရေးကို အခြေခံပြီးတော့ ပြည်ထောင်စုလွှတ်တော်က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ဥပဒေအမှတ်(၁၅/၂၀၁၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေရဲ့ရည်ရွယ်ချက်က မိမိတို့ရဲ့ဆန္ဒ၊ လိုလားချက်တွေကို လွတ်လပ်စွာဖော်ထုတ်နိုင်ခွင့် ရှိဖို့နှင့် အဲဒီအခွင့်အရေးကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တာဝန်ရှိတဲ့အစိုးရအပေါ်မှာ အရေးယူဖြေရှင်းပေးနိုင်ဖို့ ဥပဒေနှင့်အညီ တင်ပြတောင်းဆိုခြင်းလည်း ဖြစ်ပါတယ်။ ဒီ ငြိမ်း/စု/စီ ဥပဒေကို ပြဋ္ဌာန်းပြီးတဲ့နောက်မှာ ပြည်သူများအနေဖြင့် နိုင်ငံနှင့်အဝန်း နေ့စဉ်နှင့်အမျှ ဆန္ဒဖော်ထုတ်မှုများကို ဥပဒေနှင့်အညီ ပြုလုပ်လာလျက်ရှိကြပါတယ်။ ဒါပေမဲ့ ဆန္ဒဖော်ထုတ်မှုတချို့ကိုသာ သက်ဆိုင်ရာက အရေးယူကိုင်တွယ်ဖြေရှင်းပေးခဲ့ပြီးတော့ များစွာသောဆန္ဒဖော်ထုတ်မှုများအပေါ်မှာ မသိကျိုးကျွံနှင့် ဥပက္ခာပြုထားတာကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုပြဿနာတွေကို အချိန်နှင့်တစ်ပြေးညီ မဖြေရှင်းနိုင်တာကြောင့် ဆက်ကာ၊ ဆက်ကာ အကြိမ်ကြိမ်ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်လာကြရာက အကြမ်းဖက်မှုများဆီသို့ ဦးတည်သွားတတ်ပြီး ထိခိုက်ပျက်စီးနစ်နာကြရတာပါ။ ပြည်သူများအနေနဲ့လည်း တရားဥပဒေအပေါ်မှာရော၊ အစိုးရအပေါ်မှာပါ ယုံကြည်မှုအားနည်းလာကြပါတယ်။ တာဝန်ရှိသူများအနေနဲ့ ထိရောက်တဲ့

ဖြေရှင်းမှုကို လုပ်ဆောင်ရန် ပျက်ကွက်ပြီး မင်းတို့ဘာပြောပြော ငါတို့လုပ်ချင်မှလုပ်မယ် ဆိုတဲ့သဘော မျိုးနဲ့ ပြည်သူ့ဆန္ဒကို မထီမဲ့မြင် ပြုလုပ်နေမယ်ဆိုရင်တော့ ဒီ ငြိမ်း/စု/စီဥပဒေဟာ အကျိုးသက်ရောက် မှုမရှိနိုင်ရုံသာမက ပြဿနာများကို ပိုမိုကြီးထွားလာအောင် လှုံ့ဆော်ပေးတဲ့ဥပဒေမျိုးသာ ဖြစ်လာလိမ့် မယ်လို့ ယူဆပါတယ်။ ဒီလိုနဲ့ အပ်နှင့်ထွင်းရမှာကို ပုဆိန်နဲ့ထွင်းရတဲ့အခြေအနေမျိုး ရောက်သွားရ တယ်ဆိုတာကို လက်ပံတောင်းတောင် ပြဿနာနှင့် လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက် ဖြိုခွင်းမှုဖြစ်စဉ်တွေမှာ နမူနာအားဖြင့် တွေ့မြင်နိုင်ပါတယ်။ နောင်မှာလည်းပဲ တာဝန်ရှိသူများအနေနဲ့ ဒီလိုပြဿနာတွေအပေါ်မှာ စိစစ်ဖြေရှင်းတာတွေ မလုပ်ဘဲ ခေါင်းရှောင်နေမယ်ဆိုရင် မလိုလားအပ် တဲ့ပြဿနာတွေ၊ နောက်ဆက်တွဲတွေ ဖြစ်ပေါ်လာဦးမှာ အမှန်ပါပဲ။ ဒါကြောင့် ပြည်သူတွေက ဥပဒေနှင့် အညီ ဆန္ဒဖော်ထုတ်ပြီး တင်ပြတဲ့အပေါ်မှာ တာဝန်ရှိသူနိုင်ငံတော်အစိုးရအနေနဲ့ အဖွဲ့ဖွဲ့ပြီးတော့ စုံစမ်းမှုတွေ၊ အရေးယူဖြေရှင်းမှုတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်။ ဌာနဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းတွေ ကို ဆန္ဒဖော်ထုတ်ခြင်းအား PEDE စုံစမ်းစစ်ဆေးမှုတွေနဲ့ အရေးယူဆောင်ရွက်ဖို့လိုပါတယ်။ ဆန္ဒ ဖော်ထုတ်မှုတိုင်းကို အဖြေမှန်ပေါ်ပေါက်လာအောင် ရှာဖွေဖော်ထုတ်ပြီး ပြဿနာပြေငြိမ်းသွားသည် အထိ ပြန်လည်တုန့်ပြန်ဖြေရှင်းမှု(Reaction) လုပ်ပေးနိုင်ပါမှ ဒီဥပဒေရဲ့အကျိုးသက်ရောက်မှုကို ပြည်သူများ ပီပီပြင်ပြင်ခံစားလာရမှာ ဖြစ်ပါတယ်။ သို့မဟုတ်ပါက ဒီဥပဒေဟာ အမြင်ကောင်းရုံ သက်သက်ပြဋ္ဌာန်းထားသလို ပေးကားပေး၏ မရဆိုတဲ့အခွင့်အရေးမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် ငြိမ်း/စု/စီ ဥပဒေရဲ့အနှစ်သာရ ပီပြင်စွာအကောင်အထည်ဖော်လာနိုင်ဖို့အတွက် အောက်ပါမေးခွန်း ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများသိရှိအောင် ပြည်သူများကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ (၁) ငြိမ်း/စု/စီ ဥပဒေပြဋ္ဌာန်းပြီးနောက် ယခုအချိန်အထိ တစ်နိုင်ငံလုံး တွင် တရားဝင်ဆန္ဒဖော်ထုတ်မှုပေါင်း အရေအတွက် မည်မျှရှိသည်ကို သိလိုပါတယ်။ (၂) ဆန္ဒဖော် ထုတ်မှုဖြစ်လာပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူအဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် မည်သို့အရေးယူကိုင်တွယ်ဖြေရှင်းခဲ့ကြသည်ဆိုတာကိုလည်း သိလိုပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့

ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်၏ဥပဒေအမှတ်(၁၅)နှင့် ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် နည်းဥပဒေကိုတော့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့အမိန့်ကြော်ငြာစာအမှတ်(၃၆၄/၂၀၁၂)နှင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော်လည်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှာတော့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈/၂၀၁၆)ဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို အသစ်ပြန်လည်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေအသစ် ရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းမှာပါရှိတဲ့ နိုင်ငံသားများရဲ့အခွင့်အရေးကို လွတ်လပ်စွာ အသုံးပြုနိုင်ရန်အတွက် ပြဋ္ဌာန်းပေးထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးတဲ့အချိန်ကစပြီး ယနေ့အထိ တရားဝင်ခွင့်ပြုချက်ဖြင့် ရယူပြီး ဆန္ဒဖော်ထုတ်မှုစုစုပေါင်းမှာ ၂၀၁၂ ခုနှစ်မှာ ၁၃၁ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၄၄၃ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ၈၄၈ ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ၇၀၇ ကြိမ်၊ ၂၀၁၆ ခုနှစ်မှာ ၅၇၃ ကြိမ်၊ ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိ ၃၇၂ ကြိမ် စုစုပေါင်း ၃၀၇၄ ကြိမ် ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ဆန္ဒဖော်ထုတ်မှုတစ်ခုဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာဌာနများအလိုက်ဆောင်ရွက်မှုများအနေနဲ့ ထုတ်နုတ်ပြီး ဖြေကြားရမယ်ဆိုရင် ဆန္ဒဖော်ထုတ်သူများအနေနဲ့ မြေယာနှင့်သက်ဆိုင်တဲ့ဆန္ဒဖော်ထုတ်မှုများကို လယ်ယာမြေနှင့်အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီများအနေဖြင့် ဆန္ဒဖော်ထုတ်မှုများအပေါ် တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဆက်လက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ဆဲနှင့် ဆန္ဒဖော်ထုတ်မှုများလည်း ရှိနေသေးကြောင်း သိရှိရပါတယ်။ အလုပ်သမားနှင့်သက်ဆိုင်သောဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်းပြီး ဆန္ဒဖော်ထုတ်မှုတစ်ခုဖြစ်ပေါ်လာပြီးတဲ့နောက်မှာ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ(The Settlement of Labour Dispute Law)အရ ဖွဲ့စည်းထားရှိတဲ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ တောင်းဆိုအလုပ်သမားများနှင့်

အလုပ်ရှင်များ တွေ့ဆုံညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးမှုများကို ပြုလုပ်လျက်ရှိပါတယ်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်မှုဖြင့် ပြေလည်မှုမရရှိလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ်အငြင်းပွားမှုဖျန်ဖြေရေးခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့ဖြေရှင်းလျက်ရှိကြောင်းလည်း ဖြေကြားအပ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အငြင်းပွားမှုဖျန်ဖြေရေးခုံသမာဓိအဖွဲ့ရဲ့ ဆောင်ရွက်မှုနှင့် ပြေလည်မှုမရှိလို့ရှိရင်တော့ အငြင်းပွားမှု ဖြေရှင်းရေးခုံသမာဓိကောင်စီသို့ လွှဲပြောင်းပေးပို့ ဆောင်ရွက်ရပါတယ်။ အငြင်းပွားမှုဖျန်ဖြေရေးခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်ကို အလုပ်ရှင်မှသော်လည်းကောင်း၊ အလုပ်သမားများမှသော်လည်းကောင်း ကျေနပ်မှုမရှိပါက နှစ်နှစ်အတွင်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ စာချွန်လွှာတင်သွင်းနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ ဒါ့အပြင် ရေချိုငါးလုပ်ငန်းနှင့်ဆက်စပ်ပြီး ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ကစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးခဲ့တဲ့အတွက် အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ဆန္ဒဖော်ထုတ်မှုဖြစ်ပေါ်လာပါက တိုင်းဒေသကြီး/ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ပေါင်းစပ်ဖြေကြားချက်အရလည်း သိရှိရပါတယ်။

ရတနာနယ်မြေများနှင့်ပတ်သက်တဲ့ ဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်းပြီး ကျောက်စိမ်းတူးဖော်ရာမှာ လုပ်ကွက်ဧရိယာအလိုက် စက်ယန္တရားများ ကန့်သတ်တူးဖော်စေခြင်းကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စပြီးလုပ်ကွက်များကို သက်တမ်းတိုးပေးခြင်းနှင့် လုပ်ကွက်အသစ်များ ချထားပေးခြင်းမရှိတော့ဘဲ သက်တမ်းရှိ လုပ်ကွက်များကိုသာ လုပ်ကိုင်ဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ပေးပြီး တရားဝင်ပြည်ပသို့ သယ်ဆောင်ရောင်းချနိုင်ရေးအတွက် Gems Trading Center အရောင်းစင်တာများ ဖွင့်လှစ်ဆောင်ရွက်ရန်စီစဉ်ပေးခြင်းနှင့် ရေမဆေးကျောက်ရှာဖွေသူများကို ကျောက်စိမ်းရိုင်းရှာဖွေခွင့်နှင့် ကိုင်ဆောင်ခွင့်လက်မှတ်များ မှတ်ပုံတင်ထုတ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ကြောင်းကိုလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအပေါ် ကျေနပ်မှုမရှိတဲ့အတွက် ဆန္ဒဖော်ထုတ်ခြင်းနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ ဥပဒေ၊

လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် မြို့ရွာ ပြင်ဆင်ဖွဲ့စည်းခြင်းများနှင့်စပ်လျဉ်းပြီး ဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသရှိ ပြည်သူလူထု၏သဘောထားအပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဖြေကြားချက်ကိုလည်း အကျဉ်းချုပ်ဖြေကြားအပ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ မိမိတို့နှင့်ပတ်သက်သည့် ဆန္ဒဖော်ထုတ်မှုများနှင့်စပ်လျဉ်း၍ ၎င်းတို့ဆန္ဒဖော်ထုတ်သော တောင်းဆိုချက်တွေဟာ ကျိုးကြောင်းညီညွတ်မှုရှိသည့်ကိစ္စရပ်များ၊ ဥပဒေနှင့်ညီညွတ်သည့်ကိစ္စရပ်များ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း မရှိသည့်ကိစ္စရပ်များ၊ ဒေသ၏လူမှုစီးပွားရေးထိခိုက်ခြင်းမရှိသည့် ကိစ္စရပ်များ၊ ပြည်သူလူထုက လက်ခံနိုင်ခြင်းရှိသည့်ကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အခုလိုဖြေကြားသွားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ တစ်နိုင်ငံလုံးနဲ့ခြုံပြီးတော့ကိစ္စရပ်တွေကို ဒီလိုမြေသိမ်းမှုတွေ၊ တခြားကြီးကျယ်တဲ့ကိစ္စရပ်တွေမှာ ဒီလိုဖြေရှင်းခဲ့တယ် ဆိုတာကိုတော့ ကျွန်တော်မပြောလိုပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်မေးတဲ့မေးခွန်းမှာ အချိန်နှင့်တစ်ပြေးညီဆိုတဲ့စကားလေးကို ကျွန်တော်သုံးထားပါတယ်။ အချိန်နှင့်တစ်ပြေးညီ မဖြေရှင်းဘဲနှင့် မြေယာလုပ်ထုံးလုပ်နည်းအရ၊ ဥပဒေ၊ နည်းဥပဒေအရ၊ အဲဒီလိုအဆင့်ဆင့်ဖြေရှင်းနေမယ်ဆိုရင် အခုနက ကျွန်တော်တင်ပြခဲ့တဲ့ဥပမာတွေလိုပဲ အောက်မှာ ထိပ်တိုက်တွေ့မှုတွေ၊ ပြဿနာတွေကို ပိုပြီးတော့တိုးပွားအောင် ဒီဥပဒေက ကူညီနေတဲ့သဘောမျိုး ရောက်သွားပါတယ်။ အဲဒါကြောင့် မြို့နယ်အထဲမှာ၊ မြို့နယ်အတွင်းမှာ အချိန်နှင့်တစ်ပြေးညီ ဘယ်လိုဖြေရှင်းဆောင်ရွက်သလဲ။ ဘယ်လိုညွှန်ကြားချက်တွေများ ထုတ်ထားသလဲ။ အဲဒီလို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဖို့အတွက် ဌာနအနေနဲ့ အောက်ခြေအုပ်ချုပ်ရေးမှူးတို့၊ မြို့နယ်ရဲမှူးတို့ကို ဘယ်လိုဆောင်ရွက်ပါဆိုတဲ့အစီအစဉ်မျိုး လိုပါတယ်။ အဲဒီလိုအစီအစဉ်မျိုး မရှိဘူးဆိုရင် အောက်ခြေမှာ လောလောဆယ်အခြေအနေမဖြေရှင်းနိုင်ပါဘူး။ ဥပမာ ဆန္ဒဖော်ထုတ်တဲ့သူတွေနဲ့

ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက် မကျေနပ်ဘူး။ ဆန္ဒဖော်ထုတ်လာတယ်။ ဖော်ထုတ်တဲ့အပေါ်မှာ ဘယ်လိုကိုင်တွယ်ဖြေရှင်းသလဲ။ အထက်ကို ခရိုင်ကို တင်ပြမယ်။ ခရိုင်က ချလာတော့ ဘာမှ အဲဒီအတိုင်းပဲ။ နောက်တစ်ခါ ထပ်ပြတယ်။ အဲဒီလိုမျိုးပဲ ထပ်ကာ၊ ထပ်ကာဖြစ်ပွားနေတယ်။ ကျွန်တော် ဆိုလိုတာက အဲဒီလိုဖြစ်တဲ့အခါမှာ အဲဒီလိုကာယကံရှင်တွေကို ဖိတ်ခေါ်ပြီးတော့ အကျိုးအကြောင်း စုံစမ်းတဲ့ အဖွဲ့အစည်းဖွဲ့ပြီးတော့ စုံစမ်းတာမျိုး၊ လောလောဆယ် အချိန်နှင့်တစ်ပြေးညီဖြေရှင်းတာမျိုး၊ အဲဒါမျိုးတွေအတွက် ညွှန်ကြားချက်ရှိသလား။ တကယ်လို့အဲဒီလိုမျိုး အောက်ခြေမျိုးမှာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒါတွေကို ရင်ဆိုင်ရတဲ့အခါမှာ ဘယ်လို၊ ဘယ်ပုံ အမြန် ဆုံးဖြေရှင်းနိုင်အောင် ကူညီဆောင်ရွက်နိုင်သလဲ။ အဲဒါလေးတွေကိုလည်း ဖြစ်နိုင်ရင် တစ်ဆက် တစ်စပ်တည်း သိရှိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။တစ်ဆက်တစ်စပ်တည်း မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပါမယ်။ ကျွန်တော်တို့ဥပဒေအရ ဆန္ဒဖော်ထုတ်ခွင့် အတွက်ကို ကြိုတင်ပြီးတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို အကြောင်းကြားရတာ ဖြစ်ပါတယ်။ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးဟာ ဆန္ဒဖော်ထုတ်မည့်အကြောင်းအရာကို ကြိုတင်သိရှိပြီးတဲ့နောက်မှာ ဆောင်ရွက်ရ မယ့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများကို အချိန်နှင့်တပြေးညီ တင်ပြပါတယ်။ တင်ပြတဲ့ ဆောင်ရွက်ချက်အပေါ်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းသော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက တစ်ခုကသာလည်းကောင်း၊ သိရှိဆောင်ရွက်မည့်လုပ်ငန်းဆိုရင်လည်း သက်ဆိုင်ရာ ဌာနများနှင့် မြေပြင်မှာ ဆန္ဒမပြခင်ကတည်းက ကြိုတင်သိရှိပြီးလည်းဖြစ်ပါတယ်။ သိရှိပြီး ကျွန်တော်တို့ ဒီဆန္ဒပြ ဖို့အတွက် တောင်းဆိုထားတဲ့တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကြိုတင်တွေ့ဆုံညှိနှိုင်းမှုတွေ လုပ်ရပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်ကြိုတင်ကန့်သတ်ချက်များ၊ ကြိုတင်သတ်မှတ်ချက်များကို ညှိနှိုင်းသတ်မှတ် ရတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆန္ဒဖော်ထုတ်မည့်နေရာ၊ ချီတက်မည့်လမ်းကြောင်း၊ ဒါတွေဟာ ဆန္ဒဖော်ထုတ်မည့်အချိန်၊ ဆန္ဒဖော်ထုတ်မည့်ရက်မှာ ဆောင်ရွက်နိုင်ခွင့်ရှိ/မရှိတွေကို ကြိုတင် သတ်မှတ်မှုတွေကို ခေါ်ယူတွေ့ဆုံဖို့။ ဒီလိုတွေ့ဆုံတာနဲ့တစ်ပြေးညီမှာလည်း ကျွန်တော်တို့ ပြည်သူလု ထုအနှောင့်အယှက်မဖြစ်စေရေးအပါအဝင် လိုအပ်တဲ့ ညှိနှိုင်းမှုတွေလုပ်သလို ဒီဆန္ဒပြမယ့် အကြောင်းအရာအပေါ်မှာလည်း ကြိုတင်ဆွေးနွေးညှိနှိုင်းမှုတွေလည်း ဒါမြို့နယ်အဆင့်မှာတင် စတင် ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးစွာတင်ပြအပ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ဥပဒေအရ

သတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်ထဲမှာ မပါရှိသော်လည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာန အုပ်ချုပ်ရေး အဖွဲ့အစည်းအသီးသီးရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေထဲမှာ ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဖြစ်တဲ့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ မြို့နယ်ကိုကြိုတင်တင်ပြတဲ့ ဒီဆန္ဒဖော်ထုတ်မယ့်အစီအမံတွေကို မြို့နယ်အဆင့်မှာသာမကဘဲနဲ့ ခရိုင်အဆင့်၊ ၎င်းမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဆင့်ဆင့်ကိုလည်း တပြိုင်နက်တည်း ကြိုတင်အသိပေးရတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေအပေါ်မှာ သက်ဆိုင်ရာ မြို့နယ်ကတာဝန်ယူဖြေရှင်းနိုင်တဲ့ လုပ်ငန်းစဉ်တွေကို မြို့နယ်မှာပဲ ကြိုတင်ညှိနှိုင်းဆောင်ရွက်စေလျက်ရှိပြီးတော့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လုပ်ငန်းတွေကိုတော့ သက်ဆိုင်ရာခရိုင်နှင့် ပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်တွေနှင့်အညီ ဆောင်ရွက်ရတာဖြစ်ပါတယ်။ သို့သော်လည်း ဆန္ဒဖော်ထုတ်မှုတွေက ကျွန်တော်မူလဖြေဆိုချက်မှာပါသလိုပဲ ကျွန်တော်တို့ ဆန္ဒဖော်ထုတ်တဲ့တောင်းဆိုချက်တွေဟာ ကျိုးကြောင်းညီညွတ်မှုရှိတဲ့ကိစ္စတွေ ဖြစ်မယ်။ ဥပဒေနဲ့ညီညွတ်တဲ့ကိစ္စရပ်တွေဖြစ်မယ်၊သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေမရှိတဲ့ ကိစ္စရပ်တွေဖြစ်မယ်၊ ဒေသရဲ့လူမှုစီးပွားရေးကို ထိခိုက်ခြင်းမရှိတဲ့ကိစ္စရပ်တွေ၊ ပြည်သူလူထုက လက်ခံနိုင်ခြင်းရှိတဲ့ကိစ္စရပ်တွေဖြစ်မယ်ဆိုရင်တော့ သက်ဆိုင်ရာမြို့နယ်အဆင့်ထိ ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနအသီးသီးက တာဝန်ရှိသူများဟာ ဒါတွေကိုအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပဒေအရ ခွင့်ပြုချက်ရတဲ့ ဆန္ဒဖော်ထုတ်မှုတွေဟာ တင်ပြပါအကြောင်းအရာတွေနဲ့ ကိုက်ညီမှုမရှိဘူးဆိုရင်တော့လည်း ၎င်းတို့ရဲ့ဆန္ဒဖော်ထုတ်မှုပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ အပါအဝင် ဝန်ကြီးဌာနများဟာ ဆန္ဒဖော်ထုတ်မှုများ အပေါ်မှာ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြန်လည် ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က တင်သွင်းသည့် မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်လွင်၊ တွံတေးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၆)ရက်မြောက်နေ့ ၃၁-၇-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ မြို့နယ်တိုင်းတွင် အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သောဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၃ ဦး ရှိပါတယ်။ ပထမဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ အစရှိတဲ့ ဆိုရိုးစကားတွေဟာ လူတိုင်းနဲ့မစိမ်းပါဘူး။ သို့ပေမဲ့ ပြည်သူတွေစာပေနဲ့ ကင်းကွာလာပါတယ်။ ဘာဖြစ်လို့ ကင်းကွာလာရသလဲဆိုတာ အကြောင်းတရားတွေကတော့ အများကြီးရှိပါတယ်။ စာကြည့်တိုက်တွေဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအနေနဲ့ အရိုးရှင်းဆုံးစဉ်းစားမယ်ဆိုရင် စာကြည့်တိုက်တွေကို စာအုပ်တွေပြည့်စုံအောင် ဖြည့်ဆည်းပေးရမယ်။ စာကြည့်တိုက်တွေကို သန့်သန့်ရှင်းရှင်းသာသာယာယာဖြစ်အောင် ဖန်တီးပေးရမယ်။ လူငယ်လူရွယ်တွေကို စာဖတ်ချင်တဲ့၊ စာဖတ်နိုင်တဲ့ အခြေခံအကြောင်းတရားတွေရှိလာအောင် ဆွဲဆောင်ပေးရမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုယခင်က မြို့တိုင်း၊ရွာတိုင်းမှာ စာကြည့်တိုက်တွေ ဆောက်လုပ်ခဲ့ပေမဲ့ အောင်မြင်ခြင်းမရှိပါဘူး။ အဆိုရှင်တင်ပြသွားတဲ့ Power Point က ပုံတွေကိုကြည့်တာနဲ့

ကျွန်တော်တို့ဟာ ခန့်မှန်းလို့ရပါတယ်။ စာကြည့်တိုက်တစ်တိုက်ကို စာအုပ်တွေဖြည့်ဆည်းပေးဖို့ ဆိုတာလည်း လွယ်ပါတယ်။ အဲဒီလိုပဲ လိုအပ်တဲ့ဝန်ထမ်းကို အင်အားဖြည့်ဆည်းပေးဖို့ဆိုတာလည်း လွယ်ပါတယ်။ ဒါတွေဟာ သက်ဆိုင်ရာဌာနက ဘတ်ဂျက်တွေလုံလောက်စွာရရှိနိုင်မယ်ဆိုရင် မခက်ခဲပါဘူး။ အဲဒီလိုပဲ စာကြည့်တိုက်တွေကို အများစုကတည်ဆောက်ထားပြီးဖြစ်လို့ ဒါတွေကို သန့်သန့်ရှင်းရှင်းသာသာယာယာဖြစ်အောင် လေကောင်းလေသန့်၊ အရိပ်အာဝါသ၊ မျက်စိပသာဒ ဖြစ်အောင်လုပ်ရတာလည်း မခက်နိုင်ပါဘူး။ ငွေကြေးစိုက်ထုတ်မှုက အဓိကပါ။ နောက်ဆုံး တစ်ချက်ဖြစ်တဲ့ လူငယ်လူရွယ်တွေကို စာဖတ်ချင်တဲ့၊ စာဖတ်နိုင်တဲ့အခြေခံအကြောင်းတရားတွေ ဆွဲဆောင်ဖို့ကတော့ အချိန်ယူရပါလိမ့်မယ်။ လူငယ်လူရွယ်တွေနဲ့ပတ်သက်ပြီး ကျောင်းသူ ကျောင်းသားတွေကို ဥပမာပေးပြောကြားလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံပညာ ကျောင်းသူကျောင်းသားတွေ ကိုးသန်းကျော်ရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ ငါးပုံတစ်ပုံလောက်ရှိနေတာပါ။ သူငယ်တန်းကစပြီး ဆယ်တန်းအထိ ကျောင်းနေအရွယ်ကလေးတွေဟာ ကျူရှင်ပြီးကျောင်း၊ ကျောင်းပြီးကျူရှင်ဆိုသလို သူတို့လေးတွေရဲ့ အချိန်တွေဟာ စာသင်ကြားချိန်တွေနဲ့ပဲ အဓိကကုန်ဆုံး နေကြရတာပါ။ မနက် ၆ နာရီလောက်ကစပြီး သင်ကြားလိုက်တဲ့ဟာ ညနေ ၆ နာရီလောက်မှ ပြီးဆုံးရတယ်။ ကျောင်းစာသင်ချိန်က မနက် ၉ နာရီလောက်ကနေ ၁၂ နာရီအထိ၊ တစ်နာရီခွဲကနေ ညနေ ၃ နာရီ ခွဲ အထိပဲရှိတာပါ။ ကျန်တဲ့အချိန်တွေက အချိန်ပိုသင်တာ၊ ကျူရှင်တတ်နေရတာနဲ့ဘဲ အချိန်တွေကုန်ဆုံးရပါတယ်။ မိဘတွေကလည်း ကျောင်းစာမှာတော်ရင် အမှတ်ရရင်ပြီးရော အပြိုင်အဆိုင်တွန်းပို့နေကြတာပါ။ ကျောင်းပြင်ပဗဟုသုတကတော့ မသိရှိသလောက်ဖြစ်နေပြီး ကြက်တူရွေးနှုတ်တိုက်ကျက်သလို အာဂုဏ်ဆောင်နိုင်ပေမဲ့ ထိုးထွန်းဆင်ခြင်ဉာဏ်နှင့် ပိုင်းဖြတ်ရမယ့် ကိစ္စမျိုးတွေမှာတော့ ဗဟုသုတတွေအားနည်းခဲ့လို့ မမှားသင့်ပဲမှားခဲ့ကြတာတွေ၊ ဥပမာတွေ၊ သင်ခန်းစာတွေအများကြီးရှိပါတယ်။ ကလေးတွေရဲ့ စာပေလေ့လာမှု၊ ပြင်ပဗဟုသုတလေ့လာမှုတွေက ဘယ်အချိန်လုပ်ရမယ်ဆိုတာ မသိနိုင်အောင်ပါ။ နောက်တစ်ချက်က ကျောင်းတွေမှာလည်း စာကြည့်ခန်းတွေရှိနေပေမဲ့ စာအုပ်တွေလုံလောက်အောင်မရှိပါဘူး။ ဒါတွေဟာလည်း စဉ်းစားဖြေရှင်း သင့်တဲ့ အခြေအနေတစ်ခုပါ။ ဒါတွေကိုပြုပြင်နိုင်မှ ကျွန်တော်တို့ရဲ့ မျိုးဆက်တွေကို စာဖတ်တဲ့ အလေ့အကျင့်တွေ ပေးနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပြည်သူအများစုကိုကြည့်မယ်ဆိုရင်လည်း နေ့တစ်ဓူဝဝမ်းရေး အတွက်ရုန်းကန်လှုပ်ရှားနေရင်း စာပေဆိုတာ လေ့လာရမယ်ဆိုတာသိပေမယ့် စာအုပ်တွေဈေးကြီးလို့

ဝယ်မဖတ်နိုင်တာ၊ စာကြည့်တိုက်ထဲမှာလည်း စာအုပ်တွေပြည့်စုံအောင်၊ လုံလောက်အောင် မရှိတာကြောင့် မဖတ်ရတာအစရှိသည်ဖြင့် အကြောင်းရင်းများစွာကြောင့် မဖတ်နိုင်ကြဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မိုဘိုင်းဖုန်းတစ်လုံးရရင် သတင်းအချက်အလက်အကြောင်းအရာမျိုးစုံကို တစ်နေရာထဲကနေ သိရှိလေ့လာနိုင်ကြလို့၊ အလွယ်တကူရနိုင်လို့ သုံးစွဲနေကြတဲ့ အခြေအနေပါ။ ဒါဟာလည်း ကြီးမားစွာရင်ဆိုင်ရမယ့် အချက်အလက်တစ်ခုပါ။ စာကြည့်တိုက်တွေကို ခေတ်မီ မိုးပျံအောင်၊ ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းဆောင်ရွက်ထားပေးရင်လည်း ဖတ်ရှုလေ့လာမယ့် သူတွေကို စာဖတ်နနိုင်တဲ့အခြေအနေဖြစ်လာအောင် ဆောင်ရွက်မပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်အောင်မြင်မှာ မဟုတ်ပါဘူး။ နိုင်ငံတော်မှ လိုအပ်တဲ့ဦးဆောင်မှုကူညီပံ့ပိုးမှုတွေ ဆောင်ရွက်ပေးဖို့လည်း လိုပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုက အရေးကြီးဆုံးပါ။ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖို့ဆိုရင် အသိပညာ၊ ဗဟုသုတ၊ မှတ်ဉာဏ်တွေကြွယ်ဝစေဖို့ စာပေလေ့လာဖတ်ရှုမှုတွေ အားကောင်းအောင်တည်ဆောက်ပေးကြရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက ဦးဆောင်မှုပေးဖို့လိုပါလိမ့်မယ်။ သို့ဖြစ်ပါ၍ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းပါဝင်သော စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးနှင့် လိုအပ်တဲ့ကူညီပံ့ပိုးမှုများ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင် ပါရန်တိုက်တွန်းရင်း ဦးမြင့်လွင်ရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသောဥက္ကဋ္ဌကြီးနှင့် အားလုံး ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ကျွန်တော် ဆုမွန်ကောင်းတောင်းပေးလိုက်ပါ တယ်။ ကျွန်တော်ကတော့ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဦးမြင့်လွင်ရဲ့ အဆိုကို နိုင်ငံရေးအမြင်နဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးမြင့်လွင်ရဲ့အဆိုဟာ စာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ပြီးတော့ လူတွေစာများများဖတ်နိုင်ဖို့၊ အလွယ်တကူဖတ်နိုင်ဖို့

အဓိကရည်ရွယ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အခု လျှောက်လှမ်းနေတဲ့ဒီမိုကရေစီအချိန်အခါနဲ့ ဦးမြင့်လွင်အဆိုဟာ ကိုက်ညီတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဏာရှင်နိုင်ငံများက အုပ်ချုပ်သူတွေဟာ လူတွေဘာမှမသိလေ အုပ်ချုပ်တာလွယ်လေလို့ တွေးခေါ်တတ်ကြပါတယ်။ သူတို့ဘက်ကကြည့်ရင်တော့ မှန်ကောင်းမှန်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လူတွေကို တစ်သွေး၊ တစ်သံ၊ တစ်မိန့်၊ တစ်အာဏာနှင့် အုပ်ချုပ်တာဖြစ်တဲ့အတွက် လူတွေဘာမှ မသိလေ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်အဆိုးကို ဝေဖန်မပိုင်းခြားတတ်မှ သူတို့က အုပ်ချုပ်ဖို့လွယ်တယ်လို့ ထင်ပါတယ်။ အကယ်၍ လူတွေက အသိဉာဏ်ကြွယ်ဝပြီးတော့ အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားတတ်မယ်ဆိုရင် သူတို့ပြောတာတိုင်းမယုံဘူး။ သူတို့ ဝါဒဖြန့်တာတွေမယုံပါဘူး။ အသိဉာဏ်ကြွယ်ဝသူကို လှည့်ဖြားရန်မလိုသလို ထိန်းချုပ်ဖို့လည်း ခက်ပါတယ်။ ဒါကြောင့်မို့လို့ အာဏာရှင်နိုင်ငံက အုပ်ချုပ်သူများဟာ လူတွေကို နည်းအမျိုးမျိုးနဲ့ အမှောင်ချဖို့ကြိုးစားခဲ့ကြပါတယ်။ စာအုပ်စာတမ်းအချို့ကိုပိတ်ပင်ခဲ့ကြတယ်။ သတင်းဂျာနယ်အချို့ကို ပိတ်ပင်ခဲ့ကြပါတယ်။ ဒီမိုကရေစီခေါင်းဆောင်တွေကြတော့ သူတို့နဲ့ဆန့်ကျင်ဘက်တွေးကြပါတယ်။ လူတွေ အသိဉာဏ်ကြွယ်ဝလေလေ အုပ်ချုပ်ရတာလွယ်လေလေလို့ တွေးကြပါတယ်။ ဒါဟာ မှန်ကန်တဲ့ အတွေးအခေါ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီစနစ်မှာ လွတ်လပ်စွာဝေဖန်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပိုင်ခွင့်တွေ၊ လွတ်လပ်စွာဆန္ဒပြပိုင်ခွင့်တွေရှိနေတဲ့အခါမှာ လူတွေဟာ အသိဉာဏ်ကြွယ်ဝပြီးတော့ အမှားအမှန်ကို ပိုင်းခြားတတ်မှသာလျှင် မှန်ကန်တဲ့ဝေဖန်မှု၊ ထောက်ပြမှု၊ ဆန္ဒပြမှုတွေဖြစ်လာမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုလို့ရှိရင်တော့ သူများယောင်လို့ယောင် အမောင်တောင်မှန်းမြောက်မှန်းမသိ ဆိုတဲ့စကားပုံလို ဖြစ်သွားမှာသေချာပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံသား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က စကားတစ်ခွန်းပြောခဲ့ဖူးပါတယ်။ အုပ်ချုပ်ရေးစနစ်မှာ ဒီမိုကရေစီစနစ်ဟာ အခက်ခဲဆုံးဖြစ်တယ်။ ဒီစနစ်မှာလူတွေဟာ အသိပညာကြွယ်ဝပြီးတော့ လုံလောက်တဲ့ဆင်ခြင်တုံတရားတွေရှိဖို့လိုအပ်တယ်။ အသိဉာဏ်ကင်းမဲ့တဲ့ တိုင်းပြည်ဟာ ဒီမိုကရေစီစနစ်ကို ဖရိုဖရဲဖြစ်စေတယ်လို့ ပြောခဲ့ပါတယ်။ ဒါမှန်ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံကိုကြည့်ပါ။ ဆန္ဒပြဖို့တွေလုပ်ကြတယ်။ ရှုံ့ချပွဲတွေလုပ်ကြတယ်။ ထောက်ခံပွဲတွေ လုပ်ကြတယ်။ ဒါ ဦးဆောင်သူတွေက အသိပညာနည်းသူတွေကို ခုတုံးလုပ်ပြီးတော့ လုပ်ခဲ့ကြတယ်။ မက်လုံးတွေအမျိုးမျိုးပေးခဲ့ကြတယ်။ ဒါကြောင့်မို့လို့ အချို့ဆိုရင် ဒံပေါက်စားရလို့၊ နေ့တွက်ရလို့၊ သူများပြောတာယုံလို့ဆိုပြီးတော့ ပါဝင်ခဲ့ကြပါတယ်။ စိတ်ထဲကတကယ်ပါလားဆိုတော့ ဒါ အများစုက

ပါမှာမဟုတ်ပါဘူး။ ဒါကို အချို့က ငွေကြေးဥစ္စာဆင်းရဲလို့လို့ ပြောချင်ပြောကြပေမဲ့ ကျွန်တော့်အနေနဲ့ ကတော့ ငွေကြေးဥစ္စာ။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့တိုက်ရိုက်ပတ်သက်တာ ဆွေးနွေးပါ။

**ဦးမြင့်ထွန်း(တနံ့ဆည်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ အသိပညာဆင်းရဲမှုက အဓိကလို့ ထင်ပါတယ်။ နောက်တစ်ခု ကျွန်တော် ထောက်ခံချင်တာက ကျွန်တော်တို့ အခု လူငယ်တွေသည် Facebook တွေ၊ Game တွေမှာ အချိန်တွေ အစွန်းရောက်သည်အထိ ဖြုန်းနေပါတယ်။ လက်ဖက်ရည်ဆိုင်တွေ၊ ဘီယာဆိုင်တွေမှာလည်း အလဟဿအချိန်တွေဖြုန်းနေပါတယ်။ ဒီလူငယ်တွေကို စာကြည့်တိုက်တွေဆီရောက်အောင်စွဲဆောင်ဖို့လိုပါတယ်။ စာကြည့်တိုက်တွေကို အခု ဖြစ်လာပြီဆိုရင်လည်းပဲ၊ စာအုပ်တွေရောက်လာပြီဆိုရင်လည်းပဲ ဒီစာကြည့်တိုက်တွေကို လူတွေ ဘယ်လိုရောက်အောင် စွဲဆောင်မလဲဆိုတာ ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ ဦးမြင့်လွင် Power Point ထိုးထားတဲ့ စာကြည့်တိုက်တွေမှာ စာအုပ်တွေမရှိဘူး။ ဟောင်းလောင်းဖြစ်နေတယ်။ ဒါတွေကို သုံးသပ်ရမှာက စာကြည့်တိုက်တွေက စာအုပ်မရှိလို့ လူတွေမလာတာလား။ လူတွေမလာလို့ စာအုပ်တွေမရှိတာလားဆိုတာ ကျွန်တော်တို့အားလုံး ဝေဖန်သုံးသပ်ဖို့လိုပါတယ်။ နိုင်ငံတကာက စာကြည့်တိုက်ဆိုရင်တော့ စာကြည့်တိုက်ကို အထပ်ပေါင်းများစွာ ရပ်ကွက်အဆင့်တောင်မှ သုံးထပ်လောက် စာကြည့်တိုက်မျိုးကိုထားပါတယ်။ စာအုပ်မျိုးစုံတွေလည်းထားပါတယ်။ စာအုပ်မျိုးစုံတောင်မှ အသက်အရွယ်အလိုက်ပိုင်းခြားပြီးတော့ လေးနှစ်အောက်ပုံတွေပါတဲ့ စာအုပ်တွေ၊ ဆယ်နှစ်အောက် အစရှိသည် ပိုင်းခြားပြီးတော့ စာအုပ်တွေကို ဆွဲဆောင်မှုမျိုးနဲ့ ထားတာဖြစ်ပါတယ်။ စာဖတ်ခန်းလုပ်ပေးတယ်။ ဆွေးနွေးခန်းလုပ်ပေးပါတယ်။ အဲလိုဆွဲဆောင်မှုတွေ လုပ်ပေးပြီးတော့ စာကြည့်တိုက်တွေကို လူငယ်တွေကို ကျွန်တော်တို့အားလုံးဆွဲဆောင်ဖို့ လိုအပ်တယ်ဆိုတာကို နားလည်ပြီးတော့ ကျွန်တော် ဦးမြင့်လွင်ရဲ့အဆိုကို ထောက်ခံခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်။ ကျွန်မအဆိုကို မဆွေးနွေးမီမှာ ကျွန်မတို့နိုင်ငံရဲ့စနစ်တစ်ခုကို အုတ်မြစ်ချ အမြစ်တွယ်စေရာမှာ အဓိကကျတဲ့ပြည်သူလူထုရဲ့ဝေဖန်မှုနဲ့ ဆင်ခြင်တုံတရားကို ပံ့ပိုးမှုအထောက်အပံ့ဖြစ်စေမယ့်

အဆိုတင်သွင်းတဲ့အဆိုရှင်ကို လေးစားပါကြောင်းနဲ့ဒီအဆိုကို အတည်ပြုပြီးတော့မှ အကောင်အထည်ဖော်ပေးရမယ့်ဝန်ကြီးဌာနရဲ့ဝန်ကြီးအား ယုံကြည်အားကိုးပါကြောင်း ပြောကြားလိုပါတယ်ရှင်။ အဆိုကို ကျွန်မ အပိုင်းသုံးပိုင်းခွဲပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ပထမဦးစွာ ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတည်ဆောက်မယ်လို့ အတိအလင်းကြေညာထားတဲ့အတွက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးဟာ ဘယ်လောက်အရေးပါတယ်ဆိုတဲ့အပိုင်းကို အနည်းငယ်ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) အပိုဒ် ၄ မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်ဟု အတိအလင်းဖော်ပြထားသလို လက်ရှိကျွန်မတို့မြန်မာနိုင်ငံ ပြည်သူ့အစိုးရ၊ အရပ်သားအစိုးရအနေနဲ့ တာဝန်ယူခွင့်ရခဲ့တာလည်း ပြည်သူ့ကြောင့်ပဲဖြစ်ပါတယ်။ အစိုးရတစ်ရပ်အောင်မြင်ဖို့၊ စနစ်တစ်ခုအောင်မြင်ဖို့ရာမှာ အရေးကြီးတဲ့မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ အပြန်အလှန်ထိန်းညှိဆောင်ရွက်ရုံနဲ့မလုံလောက်ပါဘူးရှင်။ ပြည်သူတွေက ငါတို့ရွေးချယ်လိုက်တဲ့အစိုးရတစ်ရပ် အမှန်တကယ်အောင်မြင်အောင်၊ စနစ်တစ်ခု အမှန်တကယ်အမြစ်တွယ်ခိုင်မာအောင် ဘယ်လိုပံ့ပိုးပေးနိုင်မလဲဆိုတဲ့ ဝေဖန်မှုနဲ့ ဆင်ခြင်တုံတရားရှိနေဖို့လိုအပ်ပါတယ်။ ပြည်သူတွေရဲ့ဝေဖန်မှုနဲ့ ဆင်ခြင်တုံတရားကို ဘယ်လိုအကဲဖြတ်မှာလဲ။ ဒီအပိုင်းမှာတော့ ကျွန်မတို့အစိုးရတစ်ရပ်ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်ရှင်။ ကျွန်မတို့ဘတ်ဂျက်တွေကို စိစစ်တဲ့အခါမှာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းတွေရဲ့ သာမန်ခေါင်းစဉ်အောက်မှာကိုက အသိပညာပေးခြင်းဆိုတဲ့အပိုင်းကဏ္ဍပါပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်မတို့ယခုလက်ရှိမှာ ကိစ္စရပ်တော်တော်များများထဲမှ အခွန်ကိစ္စရပ်တစ်ခုကို တင်ပြချင်ပါတယ်။ ဒီအခွန်က ဘာကြောင့်ကောက်ရသလဲ။ ဒီအခွန်ကောက်လိုက်တဲ့အတွက်ကြောင့် မို့လို့ ကျွန်မတို့ပြည်သူလူထုတွေနဲ့နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိသလဲဆိုတာကို သက်ဆိုင်သူတွေက အမှန်တကယ်သိရှိမှသာလျှင် ဒီစည်းမျဉ်းစည်းကမ်းတွေဟာ အမှန်တကယ်အသက်ဝင် ပြီး တရားဥပဒေစိုးမိုးမှုနှင့် အဂတိတရားလျော့ကျသွားမှာ ဖြစ်ပါတယ်ရှင့်။ ဒါကြောင့် အစိုးရတစ်ရပ်အနေနဲ့ ဘယ်လိုမူဝါဒတွေနဲ့သွားနေတယ်ဆိုတာ အတိအလင်းကြေညာထားသလို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှလည်း ဘယ်လိုမူဝါဒရည်မှန်းချက်လုပ်ငန်းစဉ်တွေ ချမှတ်ပြီးဆောင်ရွက်နေတယ်ဆိုတာ ပြည်သူများသိရှိနိုင်အောင် ကြိုးပမ်းပေးရပါမယ်။ ဒါမှသာ ပြည်သူများဟာ မှန်ကန်စွာဝေဖန်ထောက်ပြထိန်းကျောင်းနိုင်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်ချက်တွေကို ဝန်ကြီးဌာနအချင်း

ချင်း ချိတ်ဆက်ပြီးတော့မှ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြန်ကြားရေးရုံး၊ စာကြည့်တိုက်တွေမှ တစ်ဆင့် လူထုအကြား ချပြဆွေးနွေးနိုင်ပါတယ်။ ဒီအခါမှာတော့ လူထုအခြေပြုအဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍဟာ အရေးပါလှပါတယ်ရှင့်။

ဒုတိယပိုင်းအနေနဲ့စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဘာ့ကြောင့်ဖွဲ့စည်းသင့်သလဲဆိုတဲ့အရေးပါပုံကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ အဆိုရှင်ရဲ့ဆွေးနွေးချက်မှာ ဆွေးနွေးခဲ့သလို ကျွန်မတို့နိုင်ငံမှာ ဖျားနာနေတဲ့၊ ကျွန်မအတွက်ကတော့ သေဆုံးနေတဲ့စာကြည့်တိုက်တွေကို ဆေးကုသဖို့ တစ်နည်းအားဖြင့် အသက်ပြန်သွင်းဖို့အချိန်အခါကျပါပြီရှင်။ ကျွန်မတို့နိုင်ငံသူနိုင်ငံသားများကို လွတ်လပ်စွာတွေးခေါ်မြော်မြင်ရှင်သန်ပိုင်ခွင့်ကို ပံ့ပိုးပေးဖို့ရာမှာ အစိုးရတစ်ရပ်ရဲ့တာဝန်ရှိပါတယ်ရှင်။ ဒီမိုကရေစီရဲ့အနှစ်သာရဖြစ်တဲ့ လွတ်လပ်စွာဝေဖန်ထောက်ပြဆွေးနွေးငြင်းခုံခြင်းဆိုတဲ့ အလေ့အထတစ်ခုဟာ ကျွန်မတို့နိုင်ငံမှာ ရှိခဲ့ပါသလား။ ပျောက်ဆုံးခဲ့တာ ၁၀ စုနှစ်များစွာရှိခဲ့ပါပြီ။ ကျွန်မတို့လူထုနှင့်နီးစပ်နေတဲ့ Institution တွေမှာ မတွေ့ရပါဘူး။ ဥပမာ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်ကို လေ့လာကြည့်ပါ။ ကျောင်းသင်ခန်းစာတွေကို ကျောင်းတွင်းဆရာဆရာမတွေနဲ့ ကျွန်မတို့ကျောင်းသားကျောင်းသူတွေဟာ အပြန်အလှန်ဆွေးနွေးပြီးမှ စာသင်နှစ်တွေကို ဖြတ်ကျော်ခဲ့တာလား။ ဒါမှမဟုတ်ရင် ကျွန်မတို့ ခန့်မှန်းလေ့လာထားတဲ့ဟာကို မှတ်ဉာဏ်အသိအားကိုးပြီး ကျော်ဖြတ်ခဲ့တာလား။ ဒါကြောင့် ကျွန်မ ပထမအပိုင်းမှာဆွေးနွေးခဲ့တဲ့ အကြောင်းအရာများအပါအဝင် ကျွန်မတို့လက်လှမ်းမီ/လက်လှမ်းမမီနိုင်တဲ့ အသိပညာဗဟုသုတများကို ပြည်သူများလက်လှမ်းမီစွာ ရရှိပြီး ဝေဖန်ပိုင်းခြား ဆွေးနွေးငြင်းခုံနိုင်အောင် အမှန်တကယ်စွမ်းဆောင်နိုင်သူများဖြစ်တယ်။ လူထုအခြေပြုအဖွဲ့အစည်းများပဲဖြစ်ပါတယ်။ ခေတ်စနစ်တစ်ခုကို တွန်းလှန်ခဲ့ရာမှာ ဆင်ခြင်တုံတရားအတွက် အထောက်အပံ့ဖြစ်စေမယ့်အရာများကို ပြည်သူများလက်လှမ်းမီအောင် စွမ်းဆောင်ခဲ့သူများဟာ ဘယ်သူတွေလဲ။ ဒီအချက်ကပင်လျှင် ကော်မတီတစ်ရပ်ဖွဲ့စည်းရာမှာ မည်ကဲ့သို့သောပုဂ္ဂိုလ်များကို စိစစ်ရွေးချယ်သင့်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ တတိယပိုင်းအနေဖြင့် စာကြည့်တိုက်မှူးများရဲ့ အခန်းကဏ္ဍကို ဆွေးနွေးလိုပါတယ်။ ကျွန်မတို့ စာကြည့်တိုက်တစ်ခုကို မတည်ထောင်မီကပင် ဒီစာကြည့်တိုက်ကို မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးက ဦးဆောင်မယ်။ မည်ကဲ့သို့သောလုပ်ငန်းစဉ်များကို လုပ်ဆောင်မယ်ဆိုတာကို စီစဉ်ရေးဆွဲထားရမှာဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်များဟာ စာကြည့်တိုက်ရှင်သန်ဖို့အတွက် ဦးဆောင်ပဲ့ကိုင်သူများဖြစ်ပါတယ်။ လူထုကို စာကြည့်တိုက်ကိုလာနိုင်အောင်၊ လာချင်အောင် မည်ကဲ့သို့ စွဲဆောင်စည်းရုံးနိုင်ပါ

မယ်။ စာကြည့်တိုက်တစ်ခုရဲ့ လုပ်ငန်းစဉ်များဟာ အင်မတန်ရိုးရှင်းပြီး သိမ်မွေ့ခက်ခဲတဲ့လုပ်ငန်းစဉ်များပဲ ဖြစ်ပါတယ်။ စာအုပ်များကို မည်ကဲ့သို့စနစ်တကျထားသိုမလဲ။ ဘယ်လိုခေါင်းစဉ်ခွဲမလဲ။ ဘယ်စာအုပ်က ဘယ်လိုအကြောင်းအရာ သုတရသကို ပေးနိုင်သလဲ။ မည်ကဲ့သို့သောပုဂ္ဂိုလ်များက မည်ကဲ့သို့ သောစာအုပ်စာပေများကို ဖတ်သင့်သလဲ။ ဒါမျိုးကို စာကြည့်တိုက်မှူးက အကြံဉာဏ်ပေးနိုင်ရပါမယ်။ လူထုအများစာကြည့်တိုက်ကိုလာချင်အောင်၊ လာနိုင်အောင် စွမ်းဆောင်နိုင်တဲ့ လူထုဆက်သွယ်ရေး၊ ဆက်ဆံရေးအားကောင်းရပါမယ်။ အဓိကကတော့ စာကြည့်တိုက်တစ်ခုထူထောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်တဲ့ ခံယူချက်နဲ့စိတ်ဓာတ်ခိုင်မာသူဖြစ်ဖို့လိုသလို အချိန်ပေးနိုင်ဖို့ လည်းလိုပါတယ်။ ကျွန်မတို့ဟာ ရပ်ရွာလူထုကြားမှာ အများအကျိုး အမှန်တကယ်ထမ်းရွက်လိုတဲ့ ခံယူချက်စိတ်ဓာတ်ခိုင်မာသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် ကျွန်မတို့နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင် ကျင်းပနေတဲ့ ငြိမ်းချမ်းရေးစကားဝိုင်းများကို ဘာ့ကြောင့်နေရာဒေသ အခြေအနေအချိန်အခါ လူထုအသိုင်းအဝိုင်းပေါင်းစုံနဲ့ဆောင်ရွက်နေတာပါလဲ။ ဒါကပင် ကျွန်မတို့ပါဝင်ပတ်သက်သူများကိုယ်တိုင်က မိမိတို့အတွက်ဟုခံယူပြီး ဆောင်ရွက်နေသူများကြောင့် မိမိတို့ မည်၍မည်မျှအကျိုးခံစားပြီး မည်၍မည်မျှထိခိုက်နေပြီလဲဆိုတာကို ကိုယ်တိုင်သိမှ ကိစ္စရပ်တစ်ခုကို ဝေဖန်ပိုင်းခြားနိုင်မှာဖြစ်ပါတယ်။ အပြန်အလှန်ဆွေးနွေးငြင်းခုံခြင်းက ဒီဖြစ်စဉ်ရဲ့အဓိကအစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ ဒီလို အပြန်အလှန် ဆွေးနွေးငြင်းခုံဖို့ရာအတွက် ကျွန်မတို့ဟာ အသိပညာဗဟုသုတတွေ လက်လှမ်းမီနိုင်ဖို့လိုပါတယ်။ မိမိ သိသောအကြောင်းအရာရော မသိသောအကြောင်းအရာပါ နားလည်အောင်ကြံဆောင်ခြင်းကသာ စစ်မှန်သောအသိပညာမည်ပေးသည်ဟု ကွန်ဖြူးရှပ် ကဆိုခဲ့ပါတယ်။ ထိုကဲ့သို့ပဲ ကျွန်မတို့နိုင်ငံဟာ Golden land Myanmar လို့ ကမ္ဘာက အသိအမှတ်ပြုခဲ့ပြီး ယခုအချိန်မှာ ဘာ့ကြောင့်မို့လို့ LDC နိုင်ငံအဖြစ် ကျရောက်သွားတာလဲ။ ဒါကိုဆင်ခြင်ပြီးတော့မှ နောင်လာမယ့်အနာဂတ်မျိုးဆက်သစ်များ ဟာ ကံပါလို့လူဖြစ်လာပြီး ဉာဏ်ပါသောလူများအဖြစ်နဲ့ ကျွန်မတို့နိုင်ငံကို ဦးဆောင်ဦးရွက်ပြုနိုင်ပါစေကြောင်း လေးလေးနက်နက်ထောက်ခံရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ ကို နောင်လာမယ့်အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မှုကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့
# (၄.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဒေါက်တာသက်သက်ခိုင်
(ဒဂုံ မဲဆန္ဒနယ်)



ဦးစိုင်းဦးခမ်း
(သိန္နီ မဲဆန္ဒနယ်)



ဒေါက်တာဒေါ်ပြုံး
(အင်းတော် မဲဆန္ဒနယ်)



ဒေါ်မာမာခိုင်
(သထုံ မဲဆန္ဒနယ်)




ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီ
(ကလေး မဲဆန္ဒနယ်)



ဦးဖေသန်း
(မြေပုံ မဲဆန္ဒနယ်)



ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး)
ပြည်ထဲရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်